# ခေတ်[illegible]

…တ်အမြင်၊ ခေတ်အတွေး၊ ခေတ်ရှေ့ကပြေး… …ာ

အင်္ဂါနေ့စဉ်



မေယု အထူးထုတ် စာစောင်

# တပ်မတော်

(အတွဲ-၁၂၊ အမှတ်-၆) မေယနယ်မြေ စည်ကားပါစေ ( ၁[illegible]၇ ၁၉၆၁ )

## မေယုနယ်ခြားခရိုင်

# အေးချမ်းလေပြီ



မုဂျာဟစ်ခေါင်းဆောင် ရေှာ်ဘီဟူလာက မုဂျာဟစ်အလံ တပ်ဆင် ထားသော သေနတ်အား ဗိုလ်မှူးချုပ်အောင်ကြီး လက်သို့ ပေးအပ်နေစဉ်

မေယု နယ်ခြား ခရိုင်တွင် လှုပ်ရှား သောင်းကျန်းခဲ့သော မုဂျာဟစ် သောင်းကျန်းသူများ အနက်မှ မုဂျာဟစ် ၂၉၀ ယောက်တို့သည် ဇူလိုင်လ (၄)ရက်နေ့က အလင်းဝင်လက်နက်ချခဲ့ကြလေပြီ။

ရေှာ်ဘီဟူလာ ခေါင်းဆောင်သော မုဂျာဟစ်များသည် ၎င်းတို့၏ လက်နက်များနှင့် အတူ မောင်းတောမြို့၌ တပ်မတော် ဒု-ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူးချုပ်အောင်ကြီး၏ ရှေ့မှောက်၌ လက်နက်ချခြင်းဖြစ်ပေသည်။

ဗိုလ်မှူးချုပ်အောင်ကြီးသည် လက်နက်ချအခမ်းအနားသို့ တက်ရောက်ရန်အတွက် ဇူလိုင်လ (၃)ရက်နေ့က တပ်မတော်လေတပ်မှ အထူးလေယာဉ်ပျံဖြင့် စစ်တွေမြို့သို့ ဆိုက်ရောက်ပြီး စစ်တွေမြို့မှတဆင့် လက်နက်ချအခမ်းအနား ကျင်းပရာ ဖြစ်သော ဖူးသီးတောင် မောင်းတောသို့ ရောက်ရှိခဲ့သည်။ ဗိုလ်မှူးချုပ်နှင့်အတူ နယ်ခြားဒေသ အုပ်ချုပ်ရေးဌာန အာဏာရှိချုပ် ဗိုလ်မှူးကြီးစောမြင့်၊ ဗိုလ်မှူးကြီးခင်ညို၊ ဗိုလ်မှူးကြီး သိန်းမောင်၊ ဒု-ဗိုလ်မှူးကြီး လှဖုန်း၊ နယ်ခြားဒေသ အုပ်ချုပ်ရေးဌာန တွဲဘက်အရာရှိချုပ် ဦးခင်ညွန့်၊ ပညာရေးနှင့် စိတ်ဓာတ်ရေးဌာန ဒု-ညွှန်ကြားရေးမှူး ဦးစောဦး၊ ရခိုင်တပ်ပေါင်းစုမှူး ဒု-ဗိုလ်မှူးကြီး ရဲခေါင်၊ ရခိုင်တိုင်းရဲမင်းကြီး ဦးသိန်းလှိုင်တို့ လိုက်ပါခဲ့ကြသည်။ အခမ်းအနားသို့ မောင်းတောမြို့ရှိမော်လဝီ ဆရာကြီးများ၊ ရိုဟင်ဂျာအမျိုးသားများ၊ မြို့မိမြို့ဖများ၊ ကျောင်းဆရာများ၊ ကျောင်းသူ ကျောင်းသားများ၊ ကင်းထောက်များနှင့်နိုင်ငံတော်ကြံ့ခိုင်ရေး အဖွဲ့ဝင်များ စုစုပေါင်း (၁၀၀၀)ခန့်တက်ရောက်ခဲ့ကြသည်။

ခိုးထဲ လေထဲမှ လူထု ပရိသတ် အမြောက်အမြား တခဲနက်စိတ်အား ထက်သန်စွာ တက်ရောက် ဆင်နွှဲခဲ့ကြသည်ကို ထောက်ရှု၍ ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကို လူထုအပေါင်းက မည်မျှ လိုလားတောင့်တလျက် ရှိကြသည်ကို ထင်ရှားပေါ်လွင်ခဲ့ပေသည်။

ဗိုလ်မှူးချုပ် အောင်ကြီးသည် စစ်ရေးပြတပ်ဖွဲ့နှင့် လက်နက်ချ အလင်းဝင်လာသော ရဲဘော်များအား ကြည့်ရှုစစ်ဆေးပြီး မုဂျာဟစ် ခေါင်းဆောင် ရေှာ်ဘီဟူလာက မုဂျာဟစ်အလံ တပ်ဆင်ထားသော သေနတ်ပေးအပ်သည်ကို လက်ခံယူပြီးနောက် မိန့်ခွန်းစကားပြောကြားရာတွင် မေယုနယ်ခြားခရိုင် အတွင်းတွင် နေထိုင်ကြသော ရိုဟင်ဂျာ အမျိုးသားများသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် သားများဖြစ်ကြသည်အတိုင်း နိုင်ငံတော်၏ သစ္စာကိုစောင့်သိရိုသေကြဘို့လိုကြောင်း၊ မေယုနယ်ခြားခရိုင်သည် ပြည်ထောင်စုအတွင်းမှာရှိသည့်အတွက် မေယုခရိုင်အတွင်းတွင်နေထိုင်ကြသော ရိုဟင်ဂျာများသည်လည်း ပြည်ထောင်စုအတွင်း လူမျိုးစုတစုဖြစ်သည်ကို သဘောပိုက်ထားကြစေလိုကြောင်း၊ မြန်မာ၊ရခိုင်၊မူဆလင်၊ရိုဟင်ဂျာဟူ၍မခွဲခြားဘဲ ပြည်ထောင်စုသား ဆွေမျိုးသားချင်းအနေဖြင့် သဘောထားပြီး တိုင်းပြည်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ရပ်ရွာအေးချမ်းသာယာရေးများကို တပ်မတော်နှင့်အတူ ပူးတွဲဆောင်ရွက်စေလိုကြောင်း။

မေယုနယ်ခြားခရိုင်သည် ယေဘုယျစီးပွားရေးသုံးသပ်ချက်အရ ဆင်းရဲသားတွေများနေသဖြင့် ပြည်ထောင်စုသားအနေနှင့် ထိုသို့ ဆင်းရဲနေသည်ကို ကိုယ်ချင်းစာနာကြောင်း၊ နယ်ပယ်တိုးတက်ရာတိုးတက်ကြောင်း အတွက် မေယုခရိုင်၊နယ်ခြားဒေသ အုပ်ချုပ်ရေးမှ တာဝန် ယူ၍ ဆောင်ရွက်ရန် အစီ[illegible]င်များရှိပြီးဖြစ်ကြောင်း၊ထို့ကြောင့် စီးပွားရေးအရ တိုးတက်ရန်လုပ်သည့်နေရာတွင်နယ်ခြားဒေသ အုပ်ချုပ်ရေးဌာနမှ တာဝန်ခံများအား မိမိတို့၏ဆွေမျိုးရင်းချာများ မိမိတို့၏ လူကြီးများ၊အစိုးရများကဲ့သို့ သဘောထားပြီးပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်မှာ လုံခြုံရေးသည် အရေးကြီးကြောင်း၊ လုံခြုံမှုရှိလျှင်

☆ ဗိုလ်မှူးချုပ်အောင်ကြီးရှေ့မှောက်၌ မုဂျာဟစ်တို့ လက်နက်ချသည်။

☆ နယ်ခြားဒေသ အုပ်ချုပ်ရေးဌာန၏ စွမ်းဆောင်ချက်များ။

☆ မေယုနယ်မြေဖွံ့ဖြိုးရေး စီစဉ်နေပြီ။

နယ်ပယ် တိုး တက် မှု သည် ခက် ခဲကြောင်း၊ လုံခြုံမှုရှိမှ ရပ်ရွာအေးချမ်း သာယာမည်ဖြစ်ပြီး ရပ်ရွာအေးချမ်း သာယာမှ စီးပွားရေးတိုးတက်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် လုံခြုံမှုရရှိရန် မေယုခရိုင်မှာရှိကြသည့် ရိုဟင်ဂျာ အမျိုးသားများ၊ ရိုဟင်ဂျာခေါင်းဆောင်များ၊ ရိုဟင်ဂျာနိုင်ငံရေးသမားများ၊ ရိုဟင်ဂျာဘာသာရေးခေါင်းဆောင်များက တပ်မတော်နှင့်အစိုးရတို့အား တတ်အားသမျှ အကူအညီပေးကြစေလိုကြောင်းနှင့် အကျယ်တဝင့် မိန့်ကြားခဲ့ပေသည်။

နှစ်ရှည်လများ ဆူပူသောင်းကျန်းခဲ့ကြသော မူဂျာဟစ်များ ယခုကဲ့သို့ အစုလိုက်အပြုံလိုက် လက်နက်ချအပ်ခဲ့ကြပြီဖြစ်သဖြင့် မေယုခရိုင် မောင်းတောဖူးသီးတောင်ဒေသတွင် အေးချမ်းသာယာ ရှိလာတော့မည့် ရှေ့ပြေးရောင်ခြည်ဟု ဆိုရမည်ဖြစ်ပေသည်။

မူဂျာဟစ် သောင်းကျန်းသူများသည် မြန်မာ-ပါကစ္စတန်နယ်စပ်ဘူင် အခြေစိုက်လျက် လှုပ်ရှားခဲ့ကြသဖြင့် ပြည်တွင်းငြိမ်းချမ်းရေးသာမဟုတ်ဘဲ မြန်မာ-ပါကစ္စတန် နှစ်ပြည်ထောင်ဆက်ဆံရေးကိုပင် ထိပါးစေခဲ့လေသည်။ မူဂျာဟစ်တို့အား တပ်မတော်မှ ရှင်းလင်းလိုက်သည့် အခါတွင် တောတောင် အထပ်ထပ်ကို အကာအကွယ်ပြုလျက် ပါကစ္စတန်ဘက်သို့ ကူးပြီး ပါကစ္စတန်ဘက်မှ ကုန်သည်ဆိုး များနှင့် ပူးပေါင်းလျက် ကုန်များ ခိုးသွင်း၊ ခိုးထုတ် ပြုလုပ်ခြင်းများကို ပြုလုပ် ခဲ့သဖြင့် နှစ်ပြည်ထောင်လုံး အား နစ်နာ ဆုံးရှုံးစေခဲ့ လေသည်။ မကြာသေးမီက ပါကစ္စတန်-မြန်မာ နယ်စပ် လုံခြုံရေးအတွက် နှစ်ပြည်ထောင် အစိုးရက အာရုံစိုက် ဆောင် ရွက် ခြင်း၊ နယ် ခြား ဒေ သ အုပ်ချုပ်ရေး တာဝန်ခံများအား ဘိ... ခြားတာဝန်ပေးအပ်ကာ ပူးတွဲဆောင် ရွက်စေခြင်းများ... လာခဲ့သည့် အတွက် မူဂျာဟစ် သောင်းကျန်းသူများ၏ ဆိုးသွမ်းမှု နယ်ပယ်မှာ ကျဉ်းမြောင်းယုတ်လျော့လာကာ လက်နက် ချအပ် သည် အထိ ဖြစ်လာရခြင်းဖြစ်ပေသည်။

မူဂျာဟစ်များ ဆူပူထကြွ ခဲ့ကြသည်မှာ လွတ်လပ်ရေးရစလောက်ကပင် စတင်ခဲ့ပေသည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်စက ရခိုင်တိုင်းနယ်စပ်တွင် မြန်မာပြည်မှ ထွက်ပြေးကြသော အိန္ဒိယ-ပါကစ္စတန် အမျိုးသားများနှင့် ရခိုင်တိုင်းတွင် နေထိုင်ကြသော တိုင်းရင်းသားတို့၏ ပဋိပက္ခကို အကြောင်းပြု၍ မြန်မာ ဆန့်ကျင်ရေး လှုံ့ဆော်မှုများ ပေါ်ပေါက်လာကာ ဆူပူ ထကြွခဲ့ကြခြင်း ဖြစ်ပေသည်။ ဗြိတိသျှစစ်တပ်များ စစ်ပြေးဘဝနှင့် ဆုတ်ခွာရသ...အချိန်တွင် ၎င်းတို့ဘက်သို့ပါမည်ထင်သော အိန္ဒိယတိုင်းရင်းသားများကို လက်နက်ပေးအပ်ပြီး ထားခဲ့ရာမှ ရခိုင်တိုင်းရှိ တောင်သူလယ်သမားများနှင့် အပြန်အလှန် တိုက်ခိုက်ခဲ့ကြလေသည်။ နောင်အခါတွင် အဆိုပါအာဃာတ မျိုးစေ့ကလေးများကြောင့် ရခိုင်တိုင်းအတွင်းတွင် နေထိုင်ကြသော မူဆလင်အချို့သည် ပါကစ္စတန်အတွင်းတွင် နေထိုင်ကြသော မူဆလင် အချို့နှင့် ဆက်သွယ်ပြီး နယ်စပ်တွင် ဆူပူသောင်းကျန်းခဲ့ကြသည်။ ထိုသို့ ဆူပူသောင်းကျန်းရင်းမှ ဆန်ခိုးထုတ်ခြင်းဖြင့် စီးပွားရှာမှုများရှိခဲ့ကြသည်။ စောစောပိုင်းကမူ ပါကစ္စတန်နိုင်ငံဘက်မှ မူဂျာဟစ်သောင်းကျန်းမှုအတွက် အေးချမ်းမှုရအောင် ကူညီဖေးမခဲ့ခြင်းမရှိပေ။ သို့ရာတွင် မြန်မာနှင့် ပါကစ္စတန် အာဏာပိုင် များသည် နောက်ပိုင်း၌ အမြော်အမြင်ကြီးစွာနှင့် ချစ်ကြည်ရေးမပျက်အောင် ဆောင်ရွက်လာနိုင်ခဲ့သည့်အတွက် မြန်မာ-ပါကစ္စတန် နယ်စပ် ပြဿနာများသည် တဖြည်းဖြည်းနှင့် ပြေရှင်းလာခဲ့ရပေသည်။

နယ်ခြားဒေသအုပ်ချုပ်ရေးဌာနမှ တာဝန်ခံ အရာရှိ များသည် မေယု နယ်ခြားခရိုင် အ တွင်း သောင်းကျန်းလျက်ရှိသော မူဂျာဟစ်များအား အပြီး အပိုင် နှိမ်နင်းပြီးနောက် ခရိုင် တိုးတက် ဖွံ့ဖြိုး ငြိမ်းချမ်း သာယာရေး အတွက် မျှော်မှန်းလျက် ဆောင်ရွက်ပေးနိုင်ရန် ဒု-ဗိုလ်မှူးကြီး ရဲခေါင်ဦးစီးသော အဖွဲ့အားများမကြာမီက တာဝန်ပေးအပ်ခဲ့လေသည်။ ဒု-ဗိုလ်မှူးကြီး ရဲခေါင်သည် အတူတွဲ လုပ်ဆောင်မည့် တပ်မတော်အရာရှိများနှင့်အတူ တာဝန်ယူသည့်နေ့မှစ၍ နယ်မြေလုံခြုံရေး နယ်မြေ အေးချမ်းသာယာရေး စသည့်လုပ်ငန်းရပ်များကို အပတ်တကုတ် ဆောင်ရွက်ခဲ့ပေသည်။ ဆူပူသောင်းကျန်းလျက်ရှိသော မူဂျာဟစ်များအားလည်း နေရာအနှံ့အပြားတွင် လိုက်လံနှိမ်နင်းခဲ့ပေသည်။ ထိုသို့ကြိုးစားလုပ်ဆောင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ မူဂျာဟစ်များ အလုံးအရင်းနှင့် လက်နက်ချရသည့် အခြေအနေအထိ ရောက်ရှိ ခဲ့ရပေသည်။

ရှေ့အဖို့တွင်လည်း နယ်မြေ ဖွံ့ဖြိုးရေးအတွက် စီးပွားရေး၊ ပညာရေး ကျန်းမာရေးစသည့် လုပ်ငန်းများအား စံနစ်တကျ ဆက်လက် ဆောင်ရွက်ရန် အစီအစဉ်ရှိသေးသည်ကို တွေ့ရ ပေသည်။ ယခုဆိုလျှင် နယ်ခြားဒေသတလျှောက်ရှိ ကျေးရွာများမှ နေထိုင်သူများ သက်သာချောင်ချိရန်အတွက် ယခင်ဒီအက်စ်အိုင်၊ ယခုဗမာ့စီးပွားတိုးတက်ရေးမှသက်သာချောင်ချိရေးဆိုင်များ ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်ဟု သိရပေသည်။ မြန်မာနှင့်ပါကစ္စတန် နှစ်ပြည်ထောင်တို့၏ အထွေထွေ ကူးသန်းရောင်းဝယ်မှု ကောင်းမွန်စေရန်အတွက် နယ်ခြားဆန်ရောင်းဌာန နှစ်ခုလည်း ဖွင့်လှစ်ပေးရန် စီစဉ်လျက်ရှိသည်ကို ကြားသိရပေသည်။ ထိုသို့ဖွင့်လှစ်လိုက်ခြင်းအတွက် မြန်မာပြည်မှ ဆန်များရောင်းနိုင်မည့်အပြင် ပါကစ္စတန်မှ ပုဆိုးခြောက်၊ အုန်းသီး၊ ဂွမ်းအစရှိသည့်ကုန်ပစ္စည်းများဝယ်ယူရေးကိုလည်း အထောက်အပံ့ပေးစေနိုင်လိမ့်မည်ဟုသိရှိရပေသည်။

မူဂျာဟစ်များက နိုင်ငံရေး သတိ သံဝေဂ ရသည်နှင့်တပြိုင်နက် ရိုးသားစွာဖြင့် အလင်း ဝင်လာကြပေပြီ။ အလင်းဝင်ရေးအတွက် အသံ အမျိုးမျိုး ပေးနေသော ကွန်မြူနစ်နှင့် ကေအင်ဒီအိုတို့သာလျှင် ယခုတိုင် မပြတ်မစဲ ဖြစ်နေရချေသေးသည်။ ထို့ကြောင့် အလင်းဝင်ရေးအတွက် ဈေးဆစ်ခြင်း၊ စကားလုံးကပ်ခြင်း၊ အချိန် ဖြုန်းနေခြင်းများ မပြုလုပ်တော့ဘဲ အစိုးရနှင့် တိုင်းပြည်က လက်ရှိ ပေးထားသော အခွင့်အရေးနှင့် လွတ်ငြိမ်း ချမ်းသာခွင့်ကို ယူ၍ လက်နက်ချရန်အချိန်တန်နေပြီဖြစ်ပေသည်။

မူဂျာဟစ်တို့သည် ဤသို့လက်နက်ချကာ အလင်းဝင်လာကြခြင်းသည် မေယုခရိုင်ရှိ လူထုတရပ်လုံး တောင်သူလယ်သမားဆင်းရဲသားထု တရပ်လုံးအား ကျေးဇူးဆပ်ခြင်းမည်ပေသည်ဟု ဒု-ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်မှူးချုပ် အောင်ကြီးက မူဂျာဟစ်များ လက်နက်ချအပ်သည့် ဇူလိုင်လ ၄ ရက်နေ့ နံနက်က ထည့်သွင်းမိန့်ကြားသွားခဲ့ပေသည်။ မေယုခရိုင်နယ်ခြားဒေသ အုပ်ချုပ်ရေးဌာနသည် မူဂျာဟစ်များ ယခုကဲ့သို့ လက်နက်ချအပ်ပြီး ဖြစ်၍ လုံခြုံရေးကို စိတ်ချရပြီဖြစ်သည့်အလျောက် ဖွံ့ဖြိုးရေး လုပ်ငန်းများဖြင့် နယ်လူထုကို ကူညီမြှင့်တင်ပေးတော့မည်ဖြစ်ရာ နယ်မြေကျဉ်း၍ လူဦးရေများနေသော မေယုခရိုင်တွင် စပါးဆန်ရေသီးနှံတို့ဖြင့်ကြွယ်ဝပေတော့မည်။

# မူဂျာဟစ်လက်နက်ချ
## အခမ်းအနား




ဘူးသီးတောင်မြို့သို့ ဗိုလ်မှူးချုပ်နှင့်
အဖွဲ့ဆိုက်ရောက်ပြီး -



ကြိုဆိုကြိုဆိုကြ-



မူဂျာဟစ်ခေါင်းဆောင်နှင့်အဖွဲ့များက --



လက်နက်များချအပ်အပြီးတွင်



ဗိုလ်မှူးချုပ်က မိန့်ခွန်းပြောကြားခဲ့သည်

# မေယုခရိုင်၏လုံခြုံရေး၊ဖွံ့ဖြိုးရေး၊စီးပွားတိုးတ

## ''ယခုလို လက်နက် စွန့်လွှတ် လိုက်ကြခြင်းဟာ ဒီနယ်မှာရှိတဲ့ တောသူ တော

### ၁၉၆၁-ခု၊ ဇူလိုင်လ ၄-ရက်နေ့နံနက်က မောင်းတောမြို့တွင် ကျင်းပသော မူဂျာဟစ် သောင်းကျန်းသူများ လက်နက်ချပွဲ အခမ်းအနားတွင် ဒု-ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဗိုလ်မှူးချုပ်အောင်ကြီး မိန့်ကြားသော မိန့်ခွန်း

၁၉၆၁-ခုနှစ် ဇူလိုင်လ ၄-ရက်နေ့ နံနက်ပိုင်းတွင် ရခိုင်ပြည် မောင်းတောမြို့၌ ရော်ဘီဟူလာ ခေါင်းဆောင်သောမူဂျာဟစ်များသည် တပ်မတော် ဒု-ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဗိုလ်မှူးချုပ်အောင်ကြီးထံတွင် လက်နက်ချအပ်ကာ အလင်းဝင်လာခဲ့ကြသည်။ ဤသို့ဖြင့် လုံခြုံရေးအတွက် စိတ်ချရပြီဟု ဆိုနိုင်လောက်သော မေယုခရိုင် နယ်ခြားဒေသတွင် ခရိုင်တွင်းရှိ လူထုသည် ပြည်ထောင်စုသား စိတ်ဓာတ်ကို မည်သို့ထားရှိရမည်၊ မေယုခရိုင်နယ်ခြားဒေသ အုပ်ချုပ်ရေး တာဝန်ခံများသည် နယ်မြေကျဉ်း၍ လူနေများသဖြင့် စီးပွားရေး ချို့တဲ့ဆင်းရဲမှုကို သစ်သီးစိုက်ပျိုးရေး၊ တိရစ္ဆာန် မွေးမြူရေး လုပ်ငန်းများဖြင့် တိုက်ဖျက်ကာ နယ်ပယ်လူထု စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇောက်ချလုပ်ကိုင်သွားတော့မည်ဆိုသည့် အကြောင်းအချက်များကို ထိုလက်နက်ချ အခမ်းအနားတွင် ဒု-ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်မှူးချုပ် အောင်ကြီးက အောက်ပါအတိုင်း စိတ်အား ထက်သန်စွာ မိန့်ကြားသွားခဲ့ပေကြောင်း။

မြန်မာနိုင်ငံတော် လွတ်လပ်ရေးရတဲ့ အချိန်ကစပြီး ယနေ့တိုင် အောင် မောင်းတောဒေသတဝိုက်မှာ ဘော်လှန်ရေးဆိုပြီးတော့ အစိုးရကို လက်နက်ကိုင်ပြီး တိုက်ခိုက်ခဲ့တဲ့ ရဲဘော် အပေါင်းတို့ရဲ့ အခု အလင်းဝင် အခမ်းအနားမှာ ကျွန်တော် စကားအနည်းငယ် ပြောလိုပါတယ်။

ကျွန်တော်ပထမဦးဆုံး ပြောချင်တဲ့ အချက်ကတော့ ကျွန်တော်တို့ မေယုခရိုင်က နယ်သူနယ်သားအားလုံးနဲ့ပတ်သက် ဆက်ဆိုင်နေတဲ့ အချက်ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဲမေယုခရိုင်ဟာဆိုရင် အနောက်ဘက်မှာ ပါကစ္စတန်နယ်နဲ့ နယ်နိမိတ်ချင်း ဆက် စပ်နေပါတယ်။ နယ်နိမိတ်ချင်း ဆက်နေတဲ့ အလျောက် ဒီနယ်နိမိတ်ရဲ့ အရှေ့ဘက်နဲ့ အနောက်ဘက်မှာ မူဆလင် ဘာသာကို ယုံကြည်သက်ဝင်တဲ့ လူမျိုးစုများ ရှိပါတယ်၊ အနောက်ဘက်မှာရှိတဲ့ လူ



မေယုခရိုင် ဖွံ့ဖြိုးရေးကို အားသွန် လုပ်ကိုင်တော့မည်ဟု တိတိကျကျ ဗိုလ်မှူးချုပ်အောင်ကြီးက မူဂျာဟစ် လက်နက်ချအခမ်းအနားတွင် မိန့်ကြားသွားသည်။

# ချင်လည်ရေးတို့အတွက်တိတိကျကျလုပ်တော့မည်

## သမား ကျေးဇူးရှင်တွေကို ကျေးဇူးဆပ်တာ ဘဲလို့ ယူဆပါတယ်....''

**ဗိုလ်မှူးချုပ်အောင်ကြီး(၁၉၆၁၊ဇူလိုင်လ ၄-ရက်နေ့နံနက်၊မောင်းတော မြို့ မူဂျာဟစ် လက်နက်ချပွဲ အခမ်းအနား မိန့်ခွန်းမှ-)**

တွေကို ပါကစ္စတန်လို့ခေါ်ပြီး အရှေ့ဘက်မှာရှိတဲ့ မြန်မာပြည်မှာနေထိုင်တဲ့လူတွေကို ရိုဟင်ဂျာလို့ ခေါ်ပါတယ်။ ကျွန်တော်နဲ့ပြောချင်တာက အခုလို ပါကစ္စတန်နဲ့ ဆက်နေတဲ့ ဒီနယ်တနယ်ထဲမှာဘဲ ဒီလိုလူမျိုးတမျိုးထဲကတိုင်းပြည် ၂-ပြည်မှာခွဲပြီးရှိနေတာမဟုတ်ပါဘူး။ တရုတ်ပြည်နဲ့ဆက်နေတဲ့နယ်မှာလဲ ဒီလိုဘဲ လူမျိုးချင်း ဆက်နေတာရှိတယ်။ဥပမာကချင်ပြည်နယ်မှာဆိုရင်လီဆူးဆိုတဲ့လူမျိုးရှိတယ်။ မြန်မာပြည်ဘက်မှာလဲ လီဆူးရှိတယ်၊ တရုတ်ပြည်ဘက်မှာလဲ လီဆူးတွေရှိတယ်။ မြန်မာပြည်ဘက်မှာ အီကောတွေရှိတယ်။တရုတ်ပြည်ဘက်မှာလဲ အီကောတွေရှိတယ်။ မြန်မာပြည်ဘက်မှာလဝတွေရှိသလို တရုတ်ပြည်ဘက်မှာလဲ လဝတွေရှိတယ်၊ဒီလိုဘဲ မြန်မာပြည်ဘက်မှာ ရှမ်းတွေရှိသလိုဘဲ တရုတ်ပြည်ဘက်မှာ 'ထိုင်' ဆိုပြီးတော့ ရှမ်းတွေရှိတာပါဘဲ။ ဒီလူတွေဟာ စကားတမျိုးထဲပြောတယ်။ ဘာသာချင်းလဲ အကုန်လုံးတူတယ်။ ကိုးကွယ်တာချင်း လဲ အားလုံးတူတယ်၊ အဲဒီလိုဘဲ ယိုးဒယားနယ်စပ်ကို ကြည့်လို့ရှိရင်လဲဘဲ ယိုးဒယားနယ်ထဲမှာ'ထိုင်'ဆိုတဲ့လူမျိုးတွေရှိသလို ဗမာပြည်ဘက်မှာလဲ ရှိတယ်။ မွန်လူမျိုးဟာဗမာပြည်ထဲမှာရှိသလိုဘဲ ယိုးဒယားနယ်ထဲမှာလဲ ရှိတယ်။ ဒီလိုဘဲ ကရင်တွေဟာလဲဘဲ ဗမာထဲမှာ ရှိသလို ယိုးဒယားထဲမှာလဲရှိတယ်။ ဒီအတိုင်းဘဲဒီပါကစ္စတန်နဲ့စပ်နေတဲ့ဒေသမှာလဲ ပါကစ္စတန်ဘက်မှာ ဘာသာရေးအားဖြင့်တူတဲ့လူတွေရှိသလိုဘဲ မြန်မာပြည်ရဲ့ ဒီနယ်စပ်မှာလဲ ရိုဟင်ဂျာဆိုတဲ့လူမျိုးတွေရှိတယ်။

အခုဒီမှာ ကြွရောက်လာတဲ့ပရိသတ်တွေဆိုတဲ့အချိန်မှာ ကျွန်တော် တိတိလင်းလင်း ပြောချင်ပါတယ်။ ကျွန်တော်တို့ ဒီနယ်စပ်ကလူတွေဟာ ဟိုဘက်နဲ့ဒီဘက် ဆွေမျိုးတွေရှိနေတယ်။ ဆွေမျိုးတွေရှိနေပေမယ့်လို့ ဟိုဘက်မှာရှိတဲ့ လူတွေဟာ ပါကစ္စတန်ဘဲဖြစ်ရမယ်၊ ဒီဘက်မှာရှိတဲ့ လူတွေဟာလဲ မြန်မာပြည်ထောင်စုသားတွေဘဲ ဖြစ်ရမယ်။ ဒီ အ တိုင်း နယ် စပ် မှာ နေ တဲ့ လူ တွေဟာ တိတိကျကျ ရှင်းရှင်းလင်းလင်း စိတ်ကို ယတိပြတ်ထားဘို့ လိုတယ်။ ဥပမာ ကချင်ပြည်နယ်ကိုကြည့်ရင် တချို့ ကချင်ပြည်နယ်သူ နယ် သား တွေ ရဲ့ ဆွေမျိုးတွေဟာ ဟိုဘက်တရုတ်ပြည်ထဲမှာ ရှိနေတယ်။ ရှိပေမယ့်လို့ ဟိုဘက်ကမ်းမှာရှိတဲ့ ကချင်လူမျိုးဟာ တရုတ်ဖြစ်ပြီးတော့ ဒီ ဘက် ကမ်း မှာ ရှိ တဲ့ ကချင်လူမျိုးဟာ ဗမာဘဲဖြစ်တယ်။ တချို့ဆိုရင် သမီးယောက္ခမတော်တယ်။ တချို့ဆိုရင် သားမက်နဲ့တူနဲ့တော်တယ်။ ဒီလိုတော်တာ တွေ ရှိနေပေမယ်လို့ လူမျိုးအား



မေယုခရိုင်လူထုကို မြန်လည်ကျေးဇူးဆပ်လိုက်ခြင်းဖြစ်သော မူဂျာဟစ်လက်နက်ချပွဲတွင် ဤသို့ တခမ်းတနား အားရဘွယ်ပင်တွေ့ရသည်။

ဖြင့် သဘာဝအားဖြင့် ကူနေပေမယ့်လို့တိုင်း ပြည်အနေနဲ့ကတော့ ကွဲသွားပြီ။ အဲဒါကို ကျွန်တော်တို့ ပြတ်ပြတ် သား သား သိတို့ လိုတယ်။ သစ္စာစောင့်သိတဲ့ နေရာမှာလဲ ပြတ်ပြတ်သားသားရှိဘို့လိုတယ်။ ဒီအတိုင်း ဘဲ ကျွန်တော်တို့ နယ်တွင်းမှာရှိ တဲ့ ရိုဟင်ဂျာဆိုတဲ့လူတွေဟာ မြန်မာပြည်ထောင်စု ကို သစ္စာခစောင့်သိပြီးတော့ အနောက်ဘက် မှာရှိတဲ့ လူတွေ ဟာ ပါကစ္စတန်ကို သစ္စာ စောင့်သိမှလဲ သဘာဝကျတယ်။ အခုကြွ ရောက်လာတဲ့ မေယုခရိုင်က မြို့မိမြို့ဘများနဲ့ ရဲဘော်တွေကို ကျွန်တော် ပြောချင်တာက အနောက်ဘက် ပါကစ္စတန်မှာ ရဲဘော်တို့ မှာ ရှိပေမယ်လို့ ပါကစ္စတန်ကိုသာ သူတို့ သစ္စာစောင့်ကြရလိမ့်မယ်။အဲဒါမှ သဘာဝ ကျတယ်။ ဒီသဘောကို အခုကြွလာတဲ့ ပုဂ္ဂိုလ်တွေဟာ နီးစပ်ရာလူတွေကို သေသေ ချာချာ တိတိကျကျ ပြောကြပါ။ ယတိပြတ် ဆုံးဖြတ်ထားကြပါလို့ ကျွန်တော် တောင်း ပန်လိုပါတယ်။

ဒီဟာနဲ့ ပတ်သက်ပြီးတော့ အရင်တုန်း က ရာဇဝင်ကလေးကို ကျွန်တော်နဲ့နဲ့ပြော ချင်ပါတယ်။ အရင်တုန်းကဆိုရင် ခင်များ တို့အားလုံး သိတဲ့အတိုင်းဘဲ။ မြန်မာပြည်မ မှာရှိတဲ့လူတွေက ဒီမှာရှိတဲ့ ရိုဟင်ဂျာဆိုတဲ့ လူတွေကို မူဂျာဟစ်ဆိုပြီးတော့၊ မူဆလင် ဖြစ်ခင်အရင် အခြေအနေဖြင်တယ်၊စစ်ပြီး နောက်ပိုင်းမှာဆိုရင် ဒါမျိုးဟာ မရှိတော့ ဘူး။ပါကစ္စတန်ရဲ့အယူအဆသဘောထား ဟာဆိုရင် အင်မတန်မှန်တယ်။ ဥပမာတခု ကျီးကျွန်းကိစ္စ ဆိုရင် သူတို့က တောင်း တောင်မတောင်းဘူး။ ကျီးကျွန်းကိုတောင် မတောင်းဘဲနဲ့ ဒီအရှေ့ ပါကစ္စတန်ထဲကို မေယုခရိုင်ကပေါင်းချင်တယ် ဆိုတာမျိုးကို တော့ ပါကစ္စတန်က စဉ်းတောင်စဉ်းစားရဲ မှာမဟုတ်ဘူး။စဉ်းလဲမစဉ်းစားပါဘူး။ဒီလို ဘဲတရုပ်ပြည်မှာရှိတဲ့လူတွေကလဲဒီဘက်မှာ ရှိတဲ့ကချင်တွေဟာ သူတို့ပြည်ထဲက ကချင် တွေနဲ့ အမျိုးချင်းတူတယ်ဆိုပြီး ကချင်ပြည် နယ်ကို ယူနန်ပြည်ထဲထည့်ပါလို့မတောင်း နိုင်ဘူး။ ဒီခေတ်မှာ ဒါမျိုးမရှိဘူး။ အရင် တုန်းကတော့ ဟုတ်တယ်။ ဗမာပြည်မက တချို့ကလဲ ဒီမှာရှိတဲ့လူတွေကို တိုင်းရင်း သားလို့ သဘောမထားခဲ့ကြဘူး။ ဒီကလူ တချို့ကလဲပါကစ္စတန်ဘက်ကို ခြေတလှမ်း လှမ်းနေတယ်ဆိုတာလဲ ဟုတ်သလောက် ဟုတ်တယ်။ အဲဒါတွေ အားလုံး မှားတာ ဘဲ။ပြည်မက တချို့လူလဲမှားတယ်။ဒီမှာရှိ တဲ့လူတချို့လဲမှားတယ်။ အဲဒီတော့ ဒီနေ့ ဒီအချိန်က စပြီးတော့ ကျွန်တော် ပွင့်ပွင့် လင်းလင်းပြောချင်ပါတယ်။ မေယုခရိုင်ကို ကျွန်တော်တို့က ပြည်ထောင်စုထဲမှာ ရှိတဲ့ လူနည်းစု လူမျိုးစုတစုလို့ သဘောထား မယ်။ ဒါတိတိကျကျပြောမယ်။ ဒီကလူတွေ ကလဲမိမိတို့ကိုယ်ကိုမိမိတို့ လူနည်းစုတခုလို့ သဘောထားကြ။ အဲဒါမှလဲ ဒီတိုင်းပြည် မှာ ဒီရပ်ရွာအေးချမ်းသာယာတဲ့သဘော ကိုရောက်မယ်။

အဲဒီတော့ အရင်တုန်းက ကျွန်တော်တို့ မှားခဲ့တာတွေရှိရင် ခင်များတို့အားလုံး မေ့ ကြ။ ဥပမာ ကျွန်တော်တို့ ဟိုတုန်းကစစ်ဆင် ရေးတွေဘာတွေလုပ်တယ်ဆိုရင် ဒီအရပ်က ရွာတွေ ဘာတွေမီးရှို့တာမျိုး ဖြစ်ချင်ဖြစ် မယ်။ရိုသင့်လို့ရိုတာမျိုးလဲ ဖြစ်မယ်။အညှိုး နဲ့ရိုတာမျိုးဖြစ်ချင်လဲဖြစ်မယ်။ ဒီအမှားမျိုး တွေရှိခဲ့ရင် အခုဒါတွေကို မေ့လိုက်ကြပါ။ ဒီအချိန်ကစပြီး ခင်များတို့ မေယုခရိုင်က လူတွေဟာ ဒို့ဟာဗမာပြည်ထောင်စုသား၊ ဒို့သစ္စာစောင့်သိရမဲ့ နိုင်ငံဟာ ဗမာပြည် ထောင်စု၊ဒို့ဟာ ပြည်ထောင်စုထဲကလူမျိုး စုတစုလို့ဘဲ သဘောထားကြပါ။ ဒါမှလဲ ဒီနယ်ဟာ ရှေ့အဖို့ အေးချမ်းသာယာတဲ့

စာမျက်နှာ(၂၄)သို့



သူစိမ်းမြင်အောင် အိမ်ပြင်ထွက်ရိုးထုံးစံမရှိခဲ့သည့် ဤမေယုခရိုင်မှ လုံမယ်တို့သည် ယခုသူ တို့နယ်တွင် စိတ်အေးရလေပြီကောဟု ဝမ်းသာလွန်း၍ မမောမပန်း မရှက်မကြောက်နိုင်၊ ပန်းစည်း လေးတွေကိုယ်စီကိုင်၍ လက်နက်ချအခမ်းအနားသို့လာရောက်သည့် ဒု-ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်တို့အား မြိုင်မြိုင်ကြိုဆိုကြရှာသည်။

ရဲ့ ဆွေမျိုးတွေရှိချင်ရှိမယ်၊ ယောကျ်ားတွေ ရှိချင်ရှိမယ်၊သားတွေရှိချင်ရှိမယ်၊သမီးတွေ ရှိချင်ရှိမယ်။ အဲဒီ[illegible]ာ့ ဆွေမျိုးတော်တာ ဟာ ဆွေမျိုးတော်တာဘဲ။ သို့ပေမယ်လို့ လူမျိုးအနေနဲ့ကတော့ ရဲဘော်တို့ဟာ ပြည် ထောင်စု မြန်မာ နိုင်ငံတော်သားတွေသာ ဖြစ်တဲ့အတိုင်း ပြည်ထောင်စုကိုသစ္စာစောင့် သိရမယ်ဆိုတာကို ယတိပြတ် ဆုံးဖြတ်ထား စေချင်တယ်။ ခင်များတို့နဲ့ဆွေမျိုးတော်တဲ့ လူတွေ အနောက် ပါကစ္စတန်မှာ၊ ဒါမှ မဟုတ် အရှေ့ပါကစ္စတန်မှာရှိနေရင် သူ တို့လဲ သူတို့ဆွေမျိုးတွေ၊ကျွန်တော်တို့ဘက် တွေဆိုပြီးတော့ ဒီလူတွေဟာ ပါကစ္စတန်နဲ့ ပေါင်းချင်တဲ့ လူတွေဘဲလို့ သဘောထား ကြတယ်။ ဒီမှာရှိတဲ့လူတချို့ကလဲ ဒို့ဟာ မူဆလင်တွေ ဖြစ်တဲ့ အတွက် အရှေ့ ပါကစ္စတန်နဲ့ပေါင်းရမယ်လို့ ယူဆတယ်။ အဲဒါကို အကြောင်းပြုပြီးတော့ နိုင်ငံရေး လှုပ်ရှားမှုတွေကလဲ ဂျာမဏီလက်ထက်က ဆူဒက်တန်နယ်လုပ်သလို ပါကစ္စတန်နယ် ဖြစ်အောင် လုပ်ဘို့ ကြိုးစားကြတယ်။ ဒါ ဟာ အမှန်စင်စစ်က သဘာဝလဲမကျဘူး။ ဖြစ်လဲမဖြစ်နိုင်ဘူး။ အရင်တုန်းက ဂျာမဏီ ပြည်မှာ ဖြစ်တယ်ဆိုတာကလဲ ဒါဟာ စစ်မ

## တွေ့ဆုံဆွေးနွေးခြင်း

# သောင်းကျန်းမှုကင်းရှင်းပြီဖြစ်သ

မေယုနယ်ခြားခရိုင်ဟူသည် မကြာမီကာလကမှ ပြည်ထောင်စုအတွင်း ပေါ်ထွန်းလာခဲ့သော ခရိုင်သစ်တခု ဖြစ်ပေရာ ထိုနယ်သစ်၏ အကြောင်းခြင်းရာများကို ပြည်ထောင်စုသားများ ပြည့်စုံစွာသိရှိကြဦးမည် မဟုတ်ပေ၊ ထို့ကြောင့် မေယုနယ်ခြားခရိုင်နှင့်ပတ်သက်သော အခြေအနေအရပ်ရပ်တို့ကို နယ်ခြားဒေသ အုပ်ချုပ်ရေးဌာန အရာရှိချုပ် (၂)နှင့် ဝန်ကြီးချုပ်၏အတွင်းဝန်(၂)ဖြစ်သော ဦးခင်ညွန့်နှင့် ခေတ်ရေးအဖွဲ့ဝင်တို့ တွေ့ဆုံကာ အပြည့်အစုံဆွေးနွေးမေးမြန်းချက်များကို သောင်းကျန်းမှုကင်းရှင်း၍ ရွှင်မြူးအားရနေကြသော မေယုနယ်ခြားခရိုင်လူထုကိုယ်စား နှစ်ထောင်းအားရစွာ တင်ပြလိုက်ရပေကြောင်း။

မေယုနယ်ခြားခရိုင်ဟူသည် မကြာမီကာလကမှ ပြည်ထောင်စုအတွင်း ပေါ်ထွန်းလာခဲ့သော ခရိုင်သစ်တခု ဖြစ်ပေရာ ထိုနယ်သစ်၏ အကြောင်းခြင်းရာများကို ပြည်ထောင်စုသားများ ပြည့်စုံစွာသိရှိကြဦးမည်မဟုတ်ပေ။ ထို့ကြောင့် မေယုနယ်ခြားခရိုင်နှင့်ပတ်သက်သော အခြေအနေအရပ်ရပ်တို့ကို နယ်ခြားဒေသ အုပ်ချုပ်ရေးဌာနအရာရှိချုပ် (၂) နှင့် ဝန်ကြီးချုပ် အတွင်းဝန် (၂) ဖြစ်သော ဦးခင်ညွန့်နှင့် ခေတ်ရေးအဖွဲ့ဝင်တို့တွေ့ဆုံကာ အပြည့်အစုံဆွေးနွေးမေးမြန်းချက်များကို သောင်းကျန်းမှုကင်းရှင်း၍ ရွှင်မြူးအားရနေကြသော မေယုနယ်ခြားခရိုင် လူထုကိုယ်စား နှစ်ထောင်းအားရစွာ တင်ပြလိုက်ရပေကြောင်း။

မေယုနယ်ခြားခရိုင်အဖြစ် ပြည်ထောင်စုကြီးအတွင်း အမည်သစ်နှင့် စတင်ပေါ်ပေါက်လာသောအချိန်သည်၁၉၆၀-ခုနှစ် ဇွန်လ ၁-ရက်နေ့နံက်ပိုင်းဖြစ်သည်။ မေယုနယ်ခြားခရိုင်အတွင်းတွင် မြောက်ဘက်သို့လားသော် မေ[illegible]းတောနယ်ပိုင် နယ်စပ်အထိနှင့် အရှေ့ဘက်သို့လားသော် မေယုမြစ်အထိ၊ တောင်ဘက်သို့လားသော်မေယုမြစ်ဝနှင့် ဘင်္ဂလားပင်လယ်အော်အထိ၊ အနောက်ဘက်သို့လားသော် ဘင်္ဂလားပင်လယ်အော်နှင့် မောင်းတောမြို့ နယ်စပ်အထိဖြစ်သော နယ်မြေတို့ပါဝင်ပေသည်။ ထင်ရှားလှသော မေယုတောင်တန်းကြီးနှင့် မေယုမြစ်အားအစွဲပြု၍ မေယုနယ်ခြားခရိုင်ဟု သတ်မှတ်ခေါ်တွင်ခဲ့ခြင်း ဖြစ်ပေသည်၊

ရှေးယခင်မူလကမူ မေယုနယ်ခြားခရိုင်နယ်မြေသည် ပြည်မအုပ်ချုပ်ရေးကဲ့သို့ပင် ရခိုင်တိုင်းမင်းကြီး၏ အုပ်ချုပ်မှု အောက်တွင်ရှိခဲ့ပေသည်။ သို့သော် သာမန်နယ်မြေဒေသကဲ့သို့ မဟုတ်ဘဲ ထူးခြားသော အကြောင်းအချက်များ ရှိခဲ့သဖြင့် နယ်ခြားဒေသ အုပ်ချုပ်ရေးဌာနသို့ ၁၉၆၀-ခုနှစ် နှစ် ဦးပိုင်းလောက်မှ စတင်ပြီးလျှင် လွှဲပြောင်းလုပ်ကိုင်ခဲ့ရသည်။


မေယုနယ်ခြားခရိုင်ဒေသ၏ ထူးခြားသောအချက်များမှာ မြန်မာ-ပါကစ္စတန် တိုင်းပြည်ကြီးနှစ်ပြည်၏ နယ်စပ်ဒေသများဖြစ်ခြင်းကြောင့် နယ်စပ်ပြဿနာ ဖြေရှင်းရန်အချက်များရှိခြင်း၊ ဒုတိယကမ္ဘာစစ်အတွင်းမှ စတင်ဆူပူသောင်းကျန်းခဲ့သော မူဂျာဟစ်သောင်းကျန်းမှုပြဿနာများ ကြီးကြီးမားမားရှိနေခြင်း၊ နှစ်နိုင်ငံနယ်စပ်အတွင်း လူဝင်လူထွက်ပြဿနာများကို သေချာစွာစီစစ်ရန်လိုအပ်ခြင်း၊ပါကစ္စတန်မြန်မာ နှစ်နိုင်ငံရင်းနှီးချစ်ကြည်မှုပိုမိုရရှိစေရန်နှင့်ဆန့်စပါးခိုးထုတ်မှုများ ပပျောက်စေရန် ဟူသော အခြေအနေ အချက်အလက်များ ထူးခြားစွာရှိခဲ့သဖြင့် ဤကဲ့သို့ နယ်ခြားဒေသ အုပ် ချုပ်ရေး ဌာန သို့ လွှဲပြောင်းခဲ့ရခြင်းဖြစ်ပေသည်။ မေယုနယ်ခြားခရိုင် အကြောင်းကို စုံစေ့စွာ မေးမြန်းကြည့်သောအခါ နာမည်နှင့်ညီအောင်ပင် ထူးခြားချက်များကို ပိုမိုတွေ့ရှိရလေသည်။

**ခေတ်ရေး။** ။ထူးခြားတဲ့ ခရိုင်အဖြ
ကိုင်ရာမှာ ဘယ်လို လုပ်ငန်းများကို
ကထားပြီး လုပ်ကိုင်ခဲ့ပါသလဲ။

**အရာရှိချုပ်(၂)။** ။ဒီလိုပါ၊ မေယုနယ်
ခရိုင်မှာဆိုရင် လုပ်ဘို့ရာ လုပ်ငန်းကြီး
ရှိပါတယ်။(၁) မူဂျာဟစ် ပြဿနာ၊
လူဝင်လူထွက် ကြီးကြပ်ရေး ပြဿ
(၃) နိုင်ငံတော် ပစ္စည်း ခိုးထုတ်
ပပျောက်ရေးပြဿနာ၊ (၄) လူမျိ
ပြဿနာတို့ ဖြစ်ပါတယ်။ အဲဒီပြ
များကိုဆောင်ရွက်ရာမှာ အဓိကက
စံနစ်ကျတဲ့ အုပ်ချုပ်ရေး လုပ်ငန်း
လုပ်နိုင်ဘို့လိုပါတယ်။ စံနစ်ကျတဲ့အု
ရေးတွေကိုလုပ်နိုင်ဘို့ဆိုရာမှာလဲ မူဂျ
တွေဆူပူသောင်းကျန်းမှုပပျောက်အေ
ဘို့ လိုပြန်ပါတယ်။ ဒါကြောင့် လု
အားလုံးရဲ့ သော့ချက်ပြဿနာဟာ
ဟစ်သောင်းကျန်းမှုများရှင်းလင်းရေး
ဆိုရပါလိမ့်မယ်။

မှန်ပေသည်။ ထိုဒေသ၏ အဓိက ပြ
သည် မူဂျာဟစ် သောင်းကျန်းသူများ
ရေးပင်ဖြစ်ပေသည်။ မူဂျာဟစ်သောင်း
များ သည် အချိန်အတော်ကြာကာလက
နယ်ဒေသရှိကျေးရွာလူထုအားဒုက္ခပေးခဲ့
အုပ် ချုပ် မှု စက်ယ[illegible]ရားကိုလည်း ပျက်
သည်။ မူဂျာဟစ်သောင်းကျန်းသူတို့ အ
သည်မှာ ဒုတိယကမ္ဘာစစ်ကာလကပင်
သည်။

အိန္ဒိယ စစ်တပ်များ စစ်ဆုတ်ရာ
လျှောက်ရှိ ဘူးသီးတောင်၊ မောင်းတော



# ...သာ မေယုနယ်ခြားခရိုင်တွင်–

...ခြား၊ကျောက်တော် ပုံနယ်တလျှောက် မွတ်စ...ထင်ကျေးရွာများတွင် လက်နက်များတောင်ပုံ...ပုံကျန်ရစ်ခဲ့ကြသည်။ ထိုလက်နက်များကို ရ...ခိုင်အမျိုးသားများနှင့် မွတ်စလင် အမျိုးသားများရရှိကြကာ သူတပြန်ကိုယ်တပြန် တိုက်ခိုက်...သတ်ဖြတ်ကြရာမှစတင်၍ ရခိုင်မူစလင်လူမျိုးရေး

မွတ်ဆလင် များသည် ၎င်းတို့နေထိုင်ရာ ဘူးသီးတောင်၊ မောင်းတောဒေသအား မွတ်ဆလင်ပိုင် သီးခြားနယ်ဖြစ်သင့်သည် ဟူသော ယူဆချက် ဖြင့် ဂျမီးရာတူဦးလီမာ အဖွဲ့ကို ဖွဲ့စည်း ကာ သီးခြား ပြည်နယ် တောင်းဆိုရင်းဖြင့်

ဒုတိယ ကမ္ဘာစစ် အတွင်းမှ စတင်ပြီး လျှင် အုပ်ချုပ်မှု ကင်းမဲ့သကဲ့သို့ ရှိကာ လူဦးရေစာရင်း၊ ကျေးရွာ စာရင်းများမှ စ၍ အားလုံး အသစ်တဖန် ပြုပြင် လုပ်ဆောင် မှပင် ဖြစ်တော့မည့် အခြေသို့ ဆိုက်ရောက် ခဲ့လေသည်။ ထို့ကြောင့်



...နယ်ခြားဒေသ အုပ်ချုပ်ရေးဌာန အရာရှိချုပ် (၂)နှင့် ဝန်ကြီးချုပ်၏ အတွင်းဝန် (၂)ဖြစ်သော ဦးခင်ညွန့်နှင့် ခေတ်ရေးအဖွဲ့ဝင်တို့ တွေ့ဆုံ ဆွေးနွေးကြစဉ်

...ဓိကရုဏ်းကြီးဖြစ်ခဲ့သည်။ ထိုဆူပူမှုကား ဘီ...ိုင်အခေတ်မှာပင် အေးငြိမ်းအောင်ကြိုးစား...သော်လည်း အေးငြိမ်းခြင်းကိုမရခဲ့ပေ။

...ထိုမှတဖန် အင်္ဂလိပ်တပ်များ၊ မြန်မာပြည်သို့...ပြန်လည် ဝင်ရောက်လာသည့်အခါ ရခိုင်အမျိုးသားများအား ပြန်လည် နေရာချထားရာတွင်...လည်း မွတ်စလင်များက နှောင့်ယှက်ခဲ့ကြသည်။


မူဂျာဟစ် လက်နက်ကိုင် အဖွဲ့အစည်းများလည်း ဆက်တိုက် ပေါ်လာရခြင်းဖြစ်ပေသည်။ ထို့ကြောင့် ထိုဒေသကို ၁၉၄၁-ခုနှစ် နိုဝင်ဘာလတွင် စစ်အုပ်ချုပ်ရေး အဖြစ် ကျေညာကာ သောင်းကျန်းမှု နှိပ်ကွပ်ရေးကို လုပ်ခဲ့ရသည်။ မေယု နယ်ခြားခရိုင် နယ်မြေ သည်

နယ်ခြားဒေသ အုပ်ချုပ်ရေး ဌာနသည် အုပ်ချုပ်ရေးကို တိတိကျကျ လုပ်ကိုင်နိုင်ရန် ဆူပူနေသော မူဂျာဟစ်များအား နှိမ်နင်းရှ...င်းရေးကို အဓိကထား၍ လုပ်ရလေသည်။

ခေတ်ရေး။ ။နယ်ခြားဒေသ အုပ်ချုပ်ရေးဌာနကမေယုနယ်ခြားခရိုင်အတွက်

## ဆက်လက် လုပ်ဆောင်ရဦးမည့် လုပ်ငန်းများ

(ရှေ့မျက်နှာသို့)



မှုချာဟစ် ၃၀၀ ၏ ချအပ်သောလက်နက်များမှ
တစိတ်တဒေသ

ချမှတ်ခဲ့တဲ့ လုပ်ငန်းတွေကိုအောင်မြင်အောင် ဘယ်လိုများ လုပ်ဆောင်ခဲ့ပါသလဲခင်ဗျား။

အရာရှိချုပ် (၂)။ ။မေယုနယ်ခြား ခရိုင်မှာလုပ်ပုံလုပ်နည်း ကျင့်သုံးမှု များနှင့်ပတ်သက်ပြီး ဝန်ကြီးချုပ်ကလဲ ချမှတ်ပေးပါတယ်၊ ချမှတ်ပေးပြီး လုပ်ကိုင်ကျင့်သုံးကြတာကတော့....

(၁) နယ်စပ်ဒေသတွင်ရောက်ရှိလာသူများဟာသံတမန်ကြီးများ အဖြစ်နယ်စပ်နေလူထု နဲ့ပေါင်းသင်းဆက်ဆံ ရာမှာ စံနမူနာ ဖြစ်အောင် ဆောင်ရွက်ကြဖို့၊ (၂) မေယု နယ်ခြား ခရိုင်အတွင်း မှာရှိတဲ့ မွတ်ဆလင်၊ ဗုဒ္ဓဘာသာ၊ ရိုဟင်ဂျာ၊ ရခိုင်နဲ့ တခြား လူမျိုးများပါနေထိုင်ကြတဲ့ ဒေသဖြစ်တဲ့အတွက် ဘယ်ဘာ့ကိုယ်မှမျက်နှာမလိုက်၊ ကျေးလားရင်သားမခွဲခြားဘဲ တရားဥပဒေအတိုင်းမျှမျှတတ အုပ်ချုပ်ကြဖို့၊ (၃) အထူးသဖြင့် အကတိ တရား လိုက်စားခြင်း၊ လာဘ်ပေး လာဘ်ယူခြင်း၊ ဆန်စပါး နိုးထုတ်ခြင်းစတဲ့လုပ်ငန်းတွေကိုနယ်ခြား ဒေသရှိအမှုထမ်း အရာထမ်းအားလုံးတို့ဟာကင်းစင်စွာနဲ့ နိုင်ငံတော် တာဝန်ကိုထမ်းဆောင်ကြဖို့၊ (၄) နယ်လူထုအပေါ်မှာ အစိုးရအရာထမ်း အမှုထမ်း များ နဲ့ လက် နက် ကိုင် တပ် မတော်၊ ရဲ စတဲ့ လက် နက် ကိုင် များ ရဲ့ ညှဉ်းပန်းမှု လုံးဝမရှိစေအောင်လုပ်ဖို့ ဆိုတဲ့ အချက်များနဲ့ကြပ်မတ်လုပ်ဆောင်ကြပါတယ်။

ခေတ်ရေး။ ။ဒီလုပ်ငန်းတွေကို လုပ်ရာမှာ အဲဒီနယ်မြေမှာရှိတဲ့ တခြား ဌာနတွေက မှုထမ်းရာထမ်းများနဲ့ ပူးပေါင်းဆောင်ရွက်ရပါသလား။


အရာရှိချုပ် (၂)။ ။ဟုတ်ကဲ့၊ အဲဒီ အချက်ဟာ လိုအပ်တဲ့အချက်ပါဘဲ။ မေယုနယ်ခြား ခရိုင် အတွင်းမှာဆိုရင် ဘယ်လုပ်ငန်းတွေဘဲဖြစ်ဖြစ်၊ ဘယ်ဌာနရဲ့လုပ်ငန်းဘဲ ဖြစ်ဖြစ် နယ် ခြား ဒေသအုပ်ချုပ်ရေးဌာနရဲ့ ကြီးကြပ်မှုနဲ့ စုပေါင်း ခေါင်း ဆောင် မှု အရ လုပ်ပါတယ်။ နယ်ခြားဒေသအုပ်ချုပ်ရေးဌာနရဲ့ လုပ်ပုံလုပ်နည်းများကအစ မေယုနယ်ခြားခရိုင်မှာရှိတဲ့ တခြားဌာန မှုထမ်းရာထမ်းတွေပါ အသိပေးပါတယ်။ အထူးပြုပြီးပြောရမယ်ဆိုရင် မေယုနယ်ခြားခရိုင်ရယ်လို့ သီးခြားခွဲပြီးလုပ်လာနိုင်တာကိုဘဲ တပ်မတော်ရဲ့ လုပ်အားပါဘဲ။ ရခိုင် တပ်ပေါင်းစုမှူး ဒု-ဗိုလ်မှူးကြီးတင်ဦးရဲ့ လုပ်အားဟာ အများဘဲပါပါတယ်။ အခု ဒု-ဗိုလ်မှူးကြီး တင်ဦး ပြောင်း သွား တော့

(ရှေ့မျက်နှာသို့) →



ဘူးသီးတောင်တောင်ပိုင်း မှုချာဟစ်များ
လက်နက်ချရေးတွင် တပ်မတော်အားမော်လဝီ
ဆရာကြီးများနှင့် လူထုကကူညီခဲ့ကြသည်။

ဘူးသီးတောင် တောင်ပိုင်း လက်နက်ချပွဲတွင် လူထု၏အကူအညီကို တပ်မတော်က ရခဲ့ပေသည်။



ဒု-ဗိုလ်မှူးကြီး ရဲခေါင်က တာဝန်ယူ လုပ်နေပါတယ်။ ဒါကြောင့် ဒု-ဗိုလ်မှူးကြီး ရဲခေါင် ဆိုရင် ရခိုင်တပ်ပေါင်းစုမှူးအပြင် အထူး နယ်ခြားဝန် အဖြစ်ပါ တာဝန်ယူ ထမ်းဆောင် နေရပါတယ်။

ခေတ်ရေး။ ။နယ်ခြား ဒေသ အုပ်ချုပ်ရေးဌာနရဲ့ တာဝန်ယူလုပ်ကိုင်တဲ့ အချိန်အတွင်းမှာ တိုးတက်မှုတွေသိပါရစေ။

အရာရှိချုပ်(၂)။ ။စုံပေါင်းလုပ်ဆောင်မှုနဲ့ မှန်ကန်တဲ့ လုပ်နည်းလုပ်ပုံများကြောင့် အတော်အတန်အောင်မြင်သင့်သလောက် အောင်မြင်ပါတယ်။ မေယုနယ်ခြားခရိုင်ရယ်လို့ ဖွဲ့စည်းပြီး စောစောက ကျွန်တော်ပြောခဲ့သလို လုပ်ငန်းကြီး ၄-ရပ်ချမှတ်လုပ်ခဲ့တယ်။ အဲဒီ လုပ်ငန်းကြီး ၄-ရပ်မှာ အဓိကနဲ့ သော့ချက်ဖြစ်တဲ့ မုဂျာဟစ်နှိမ်နင်းရေးကို ဖိလုပ်ခဲ့တယ်၊ လက်တွေ့လုပ်ရာမှာ နယ်လူထုနဲ့ ပူးပေါင်းနိုင်အောင် ကျင့်သုံးမှုများကိုတိတိကျကျကျင့်သုံး လုပ်ဆောင်စေခဲ့တယ်။ အဲဒီလိုကြိုးပမ်းမှုကြောင့်ဘဲ ဘူးသီးတောင်တောင်ပိုင်းမှာရှိတဲ့မုဂျာဟစ်ကတော့ပြိုသွားပါပြီ၊မိတ်ဆွေတို့လဲ ကြားသိကြပါလိမ့်မယ်။ ဘူးသီးတောင် တောင်ပိုင်း မုဂျာဟစ်ဥက္ကဋ္ဌ ရော်ဘီဟူလာနဲ့ နော်ပါအင်အား ၂၉၀-တို့ဟာ အခုဇူလိုင်လ ၄-ရက်နေ့နံနက် ၈-နာရီအချိန်ကဘဲ မောင်းတောမြို့ စစ်ရေးပြကွင်းအတွင်းမှာ အခမ်းအနားနဲ့ လက်နက်ချ အလင်းဝင်လာကြပါတယ်။ ဒါကြောင့် ဘူးသီးတောင် တောင်ပိုင်းမှာဆိုရင် ကျွန်တော်တို့ရဲ့ အဓိကလုပ်ငန်းဖြစ်တဲ့ မုဂျာဟစ်ပြိုရေးကတော့ ပြိုသွားပါပြီ။ ဒါကြောင့် ဒုတိယဆင့် ဖြစ်တဲ့ ထိရောက်တဲ့ အုပ်ချုပ်ရေးလုပ်ငန်းတွေကိုလုပ်ဖို့ စီစဉ်နေပါတယ်။ လက်ငင်းအားဖြင့်လဲ လူအင်အား ဖြည့်ပြီး လွှတ်ထားပါတယ်။



ခေတ်ရေး။ ။ထိရောက်တဲ့အုပ်ချုပ်ရေးလုပ်ငန်းကို လုပ်မယ့် အစီအစဉ်ကို သိသင့်သိရာများရှိရင် သိပါရစေ။

အရာရှိချုပ်(၁)။ ။အုပ်ချုပ်ရေးကို လုပ်ရာမှာ အဝေးယံ မြို့များလောက်သာ မဟုတ်ဘဲ ထိထိရောက်ရောက် အခြေနိုင်အောင် အတွင်းပိုင်း ကျေးရွာ ဇန

(ရှေ့မျက်နှာသို့)

မေယု နယ်ခြားခရိုင်၏ အဓိကပြဿနာဖြစ်သော မုဂျာဟစ်အရေးသည် ဇူလိုင်လ ၄-ရက်နေ့က လက်နက်ချခြင်းဖြင့် အေးငြိမ်းစေခဲ့သည်။

ပုဒ်အထိ လုပ်ပါမယ်၊ အခုဆိုရင် ထိရောက်တဲ့ အုပ်ချုပ်ရေးကို လုပ်နိုင်ဘို့ အကွက်ချပြီး မေယုနယ်ခြားခရိုင် အုပ်ချုပ်ရေး ဖွဲ့စည်းပုံကို ပြောပြပါမယ်။ မေယုနယ်ခြားခရိုင်မှာ နယ်ခြား ခရိုင်ဝန်တယောက်ရှိပါမယ်။ အဲဒီနယ်ခြားခရိုင်ဝန် အောက်မှာ မြို့မဝန်ထောက်ကြီးတယောက် ရှိပါမယ်။ ရုံးစိုက်ရာကတော့ မောင်းတော ဖြစ်ပါတယ်။ မြို့မဝန်ထောက်ကြီးအောက်မှာမှ ဘူးသီးတောင် နယ်ပိုင်ဝန်ထောက်က ဘူးသီးတောင်မှာ ရုံး စိုက် ပါ မယ်။ မြို့ပိုင်က အားလုံး ၄-ယောက်ရှိပါမယ်၊ မြို့ပိုင်ရုံးစိုက်ရာ နေရာတွေ ကတော့ ကြိမ်ချောင်း၊ အလယ်သဲကျော်၊ စေတီပြင်၊ ကျောက်တောင်တို့ [illegible]ပါတယ်။

၁၉၆၁-ခုနှစ်၊မေလ ၁-ရက်နေ့ကစပြီးမေယုနယ်ခြားခရိုင်မှာ အုပ်ချုပ်မှုကို တိတိကျကျ လုပ်နေပါတယ်။ အမှုထမ်း အရာထမ်းအင်အားကိုလဲ ထပ်ဖြည့်ပါတယ်။ အုပ်ချုပ်ရေးအတွက် ပို့လွှတ်မယ့်သူများကို နယ်ခြားဒေသ အုပ်ချုပ်ရေးသင်တန်းအပြင် တရားစီရင်မှုဥပဒေများပါသင်ကြားပါတယ်။စစ်တွေ ခရိုင်ဝန်ရုံးမှာလဲ လက်တွေ့လေ့လာစေပြီးမှ ပို့လွှတ် ပါတယ်။ မေယု နယ်ခြား ခရိုင်တခုလုံး ထိရောက်တဲ့ အုပ်ချုပ်မှုကို ၆၂-ခုနှစ်၊ ဖေဖြီလမတိုင်ခင် အပြီးလုပ်ဘို့ စီစဉ်ချက်တွေရှိပါတယ်။ မူဂျာဟစ်နဲ့ ပတ်သက်လို့ တောင်ပိုင်းမှာမရှိတော့ဘူး၊ မြောက်ပိုင်းမှာရှိတဲ့ မူဂျာဟစ်တွေလဲ လက်နက်ချချင်ချ မချရင် လုံးဝပြုတ်သွားအောင် တိုက်ဘို့ စီစဉ်ချက်တွေရှိပါတယ်။

ခေတ်ရေး။ ။အဆင့်ဆင့် လုပ်ရာမှာ မူဂျာဟစ် ရှင်းလင်းရေး ပြီးတဲ့နောက် ထိရောက်တဲ့အုပ်ချုပ်မှုဆိုတာသိရပါပြီ၊ ဒီ့အပြင် ပြိုင်တူလုပ်မဲ့ လုပ်ငန်းများ ရှိပါသလား။



မေယု နယ်ခြားခရိုင် အတွင်းရှိ ရွာတရွာမှ ဈေးတခု၏ ရှုခင်းမှာ....

အရာရှိချုပ်(၂)။ ။ရှိပါတယ်၊လုပ်ငန်းတွေကတော့ အများကြီးပါဘဲ။ အစိုးရအနေနဲ့လုပ်တာကို လူထုကပါ ပူးပေါင်းကူညီလာအောင်လဲ လုပ်ပါတယ်။ တောင်ပိုင်း လက်နက် ချမှုမှာဆိုရင် မော်လဝီဆရာများနဲ့ တကွလူထုရဲ့ ပိုင်းဝန်းအားပေး ကူညီမှုအတော် များများ ပါဝင်ပါတယ်။

နောင်ကို ကျန်တဲ့ မူဂျာဟစ် ဖြိုခွင်းရေးနဲ့ ထိရောက်တဲ့ အုပ်ချုပ်ရေးနဲ့ တကွ အခြားလုပ်ငန်းတိုင်းမှာ လူထုကပါ လုပ်တယ်ဆိုတာကို အကောင်အထည်ပေါ်အောင် ကြိုးစားသွားပါမယ်။ ထိရောက်တဲ့ အုပ်ချုပ်ရေးနဲ့ အတူလုပ်ရမယ့် လုပ်ငန်းတွေကတော့ နယ်မြေဖွံ့ဖြိုးရေးပါဘဲ။ အဓိက ကတော့ စိုက်ပျိုးရေးနဲ့ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းအောင် လမ်းများလဲ ဖောက်လုပ်ရပါမယ်။ အခုဘဲ အနိမ့်ဆုံး လုပ်ငန်းဖြစ်တဲ့ သက်သာချောင်ချိရေး ဆိုင်များ ဖွင့်လှစ်ပေးဘို့ စီစဉ်နေပါတယ်။ အထူးသဖြင့်တော့ နယ်ခြားဒေသလူထုတိုးတက်ဖွံ့ဖြိုးရေး လုပ်ရာမှာ တိုင်းပြည် ခေါင်းဆောင်အားလုံးရဲ့ အကြံဉာဏ်ကို ရယူပါတယ်။ မတိုးတက်သေးတဲ့ ဒေသအတွင်းမှာ နိုင်ငံရေး အရှုပ်အထွေး မဖြစ်အောင် ရှောင်ပါတယ်။ ဘာလုပ်ငန်းဘဲဖြစ်ဖြစ် တရားဥပဒေအရဘဲ ဓာသမတ်ထဲ လုပ်သွားပါမယ်။

ဤသို့ဖြင့် ၁၉၆၀-ခု၊ နှစ် ဦးပိုင်းတွင် ပေါ်ခဲ့သော မေယုနယ်ခြားခရိုင်သည် ယခုမှ များမကြာမီ ကာလ အတွင်း အစဉ်တစိုက် တိုးတက်ဝေဆာလာပေတော့မည်။ အစိုးရနှင့်လူထု ပူးတွဲလုပ်ဆောင်မှုဖြင့်ပြည်ထောင်စုနယ်နိမိတ်မြေပုံတွင် ပါကစ္စတန်နယ်စပ်ရှိ မေယုနယ် ခြား ခရိုင်သည် ထူးခြားစွာဖြင့် တရှိန်ထိုး တိုးတက် ဖွံ့ဖြိုးကာ လူသိများလာမည်မှာ မလွဲပါပေ။ ။

★

## စာမျက်နှာ(၁၀)

## ဗိုလ်မှူးချုပ်အောင်ကြီး မိန့်ခွန်းမှအဆက်

နယ်ဖြစ်လာမယ်။ ဒီသဘောကိုတချို့နားမလည်သေးတဲ့၊ သဘော မပိုက် မိသေးတဲ့ လူတွေရှိရင် သဘောထား ပြောင်းကြဖို့၊ ပြောင်းအောင်ကြိုးစားကြဖို့ ဒီမှာရှိတဲ့နိုင်ငံရေးအဖွဲ့တွေ၊ ဒီမှာရှိတဲ့ ဘာသာရေးအဖွဲ့တွေ၊ မော်လဝီဆရာတွေ၊ ဒီမှာရှိတဲ့သူကြီးတွေ၊ဒီမှာရှိတဲ့အရင်တုန်းကရဲဘော်ဟောင်းတွေ၊ခုနတုန်းကလို ရှိဟင်ဂျာတို့၊ မူဂျာဟစ်ဆိုတဲ့ ရဲဘော်ဟောင်းတွေကို ကျွန်တော် မေတ္တာရပ်ခံပါတယ်။ ရှေ့ရှောက်ဆိုလို့ရှိရင် ခင်ဗျားတို့ဟာ မြန်မာပြည်ထောင်စုမှာ လူမျိုးငယ်တခုအဖြစ်နဲ့ ကိုယ့်ရပ်ရွာဒေသ အေးချမ်းသာယာအောင်၊ ကိုယ့်ရပ်ရွာဒေသတိုးတက်အောင်၊ ကိုယ့်ရပ်ရွာဒေသမှာရှိတဲ့လူတွေ ပညာတတ်အောင်၊ ကျန်းမာအောင် ကျွန်တော်တို့ပူးပေါင်းဆောင်ရွက်ကြရမယ်။ ဒါကျွန်တော်ပြောလိုတဲ့ ပထမအချက်ဖြစ်ပါတယ်။

ဒုတိယကျွန်တော်ပြောလိုတဲ့ အချက်ကတော့ဒီနယ်ရဲ့အခြေအနေကို ကျွန်တော်တို့တပ်မတော်အနေနဲ့ယေဘုယျသုံးသပ်ချက်ကိုပြောပြပါမယ်၊ခင်ဗျားတို့အားလုံးသိတဲ့



လက်နက်ချခဲ့လာကြသည့် ဝတ်စုံတူနှင့်မူဂျာဟစ်များကား ဧမယုခရိုင်လူထုစိတ်ဝင်စားဖွယ်ပင်

အတိုင်းဘဲအဲဒီမေယုခရိုင်ဟာလူဦးရေအားဖြင့်လေးသိန်းကျော်ကျော်ငါးသိန်းလောက်ရှိတယ်။ ခင်ဗျားတို့ ဒီနယ်မှာလုပ်ကိုင်စားသောက်တာဟာ လယ်ယာချောင်းမြောင်းဘဲရှိတယ်။ အဲဒီတော့ဒီနယ်မှာရှိတဲ့ လူဦးရေနဲ့ခင်ဗျားတို့ လယ်နဲ့ဆိုရင် လူဦးရေကတော်တော်လေးများနေတယ်။ဒီတော့ စား



မူဂျာဟစ်ခေါင်းဆောင်ရော်ဆီးဟူလာနှင့် အဖော်နှစ်ဦးတို့မှာ မြန်မာ့အသံဒုတိယအစီအစဉ်မှ ကိုယ်စားလှယ်မေးသမျှ ဖေ့ဖေ့ငှငှဖြေဆိုကြသည်။

တဲ့ပါးစပ်ပေါက်ကပိုများတဲ့အတွက်ဒီနယ်ဟာအလိုလိုဆင်းရဲမှာဘဲ။ အဲဒီတော့ဒီနယ်ကလူတွေဟာ တနှစ်မှာ လုံးချည်ဆိုလို့နှစ်ထည်သုံးထည်အပြင် ပိုပြီး မလဲနိုင်ဘူး။ခင်ဗျားတို့ဆင်းရဲတယ်။ အများအားဖြင့်ဆိုလို့ရှိရင်ဆင်းရဲသားတွေကဒီနယ်မှာများတယ်။ ဒါယေဘုယျ စီးပွားရေး သုံးသပ်ချက်ဖြစ်ပါတယ်။ ပြည်ထောင်စုရဲ့ အစိတ်အပိုင်းတခုအဖြစ်နဲ့ ပြည်ထောင်စု သားတွေအနေနဲ့ ဒီနယ်က ဆင်းရဲတာကို ကျွန်တော်တို့က ကိုယ်ချင်းစာနာပါတယ်။ အဲဒီတော့ ဒီနယ်ရဲ့ စီးပွားရေးကို ကျွန်တော်တို့ မေယုခရိုင်နယ်ခြားဒေသအုပ်ချုပ်ရေးက တာဝန်ခံပြီး ဒီနယ်ရဲ့ တိုးတက်ရာ တိုးတက်ကြောင်းကို ပြည်ထောင်စုရဲ့အစိတ်အပိုင်းတခုအနေနဲ့ ကျွန်တော်တို့တာဝန်ခံပြီးလုပ်ဖို့ အစီစဉ်တွေရှိတယ်။အဲဒီတော့ ဒီနယ်မှာရှိတဲ့ လူတွေရဲ့ စီးပွားရေးတိုး[illegible]အောင်လုပ်တဲ့နေရာမှာ ကျွန်တော်တို့ နယ်ခြားဒေသ အုပ်ချုပ်ရေးဌာနက တာဝန်ခံတွေကို ကိုယ့်ရဲ့အုပ်ချုပ်ရေး၊ ကိုယ်ရဲ့ဆွေမျိုး အရင်း အချာတွေ၊ ကိုယ်ရဲ့လူကြီးတွေ၊ ကိုယ်ရဲ့အစိုးရတွေလို သဘောထားပြီးတော့ ခင်ဗျားတို့ပူးပေါင်းဆောင်ရွက်ကြပါ။ ကျွန်တော်တို့ကလဲဒီဒေသမှာ ဆွေမျိုး အရင်း အချာတွေလို သဘောထားပြီး ဆောင်ရွက်ပါမယ်။

ခင်ဗျားတို့နဲ့ ကျွန်တော်တို့အုပ်ချုပ်ရေးဘက်တာဝန်ခံတွေဟာ ဘာသာချင်းမတူ

တာမျိုးတွေ၊ ခေလေ့ထုံးစံချင်းမတူတာမျိုးတွေရှိချင်ရှိမယ်။ တိုင်းပြည်ကြီးတခုမှာ ဘာသာမတူတာ၊ ခေလေ့ထုံးစံ မတူတာ၊ စကားနဲ့နဲ့ ကွဲတာမျိုးတွေဟာ ဘာမှကြီးကျယ်တဲ့ ကိစ္စမဟုတ်ဖူး။ အမေရိကမှာလဲ ဒီလို ကွဲလွဲမှုတွေ အများကြီး ရှိတာဘဲ။ အင်္ဂလန်မှာလဲကွဲလွဲတာတွေရှိတာဘဲ၊ ရုရှားမှာလဲ ဒီလိုကွဲလွဲတာတွေရှိတာဘဲ။ တရုပ်ပြည်မှာလဲ ရှိတာဘဲ။ ခင်ဗျားတို့မြင်တဲ့ အိန္ဒိယတို့၊ ပါကစ္စတန်တို့လဲ ဒီလိုဘဲ။ ဘာသာကွဲတာ၊ စကားကွဲတာရှိဘာဘဲ။ ရှိပေမယ်လို့ ပူးပေါင်းလုပ်ကြရတာဘဲ။ ခင်ဗျားတို့ကလဲ ကျွန်တော်တို့ဆီမှာရှိနေတဲ့ ကွဲလွဲမှုကလေးတွေကို အကြီးအကျယ်မလုပ်ဘဲနဲ့ ဆွေမျိုးသားချင်းတစုလို သဘောထားပြီးတော့ တိုးတက်အောင်ပူးပေါင်းလုပ်ကြပါ။ နယ်ခြားဒေသအနေနဲ့လဲ ခင်ဗျားတို့ရဲ့ တိုးတက်မှုကို ခွန်တိုက်အားတိုက် ဆောင်ရွက်ဘို့ အဆင်သင့်ရှိပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ စီးပွားရေး တိုးတက်မှုအနေနဲ့ အရေးကြီးတဲ့ အချက်တချက် ပြောပြပါမယ်။

ဘာလဲဆိုရင် ဒီဒေသရဲ့ လုံခြုံမှုဖြစ်ဘို့ အရေးကြီးတယ်။ ဒီမှာ လုံခြုံရေးမရှိလို့ရှိရင် ကျွန်တော်တို့ ဘယ်လောက်ဘဲ ကြိုးစားပြီးတော့ တိုးတက်အောင်လုပ်လုပ်၊ ဒီနယ်ဟာ တိုးတက်ဖို့ အင်မတန်ခက်တယ်။ အဲဒါကြောင့် ဒီနယ်မှာ ပထမဦးဆုံး အရေးအကြီးဆုံးဟာ လုံခြုံရေးဖြစ်ပါတယ်။ ဒုတိယအရေးအကြီးဆုံးဟာလဲ ရပ်ရွာအေးချမ်းသာယာရေးနဲ့ လုံခြုံရေးဘဲဖြစ်ပါတယ်။

အဲဒီတော့ ဒီနယ်မှာ ပထမဦးဆုံး လုံခြုံရေးရနိုင်အောင် ဒီအရပ်ဒေသမှာရှိတဲ့၊ မေယုခရိုင်မှာရှိတဲ့ ကျွန်တော်တို့ ရိုဟင်ဂျာအမျိုးသားတွေ၊ ရိုဟင်ဂျာ ခေါင်းဆောင်တွေ၊ ရိုဟင်ဂျာ နိုင်ငံရေးသမားတွေ၊ ရိုဟင်ဂျာ ဘာသာရေးခေါင်းဆောင်တွေဟာ ဒီမှာရှိတဲ့ တပ်မတော်တို့၊ ဒီမှာရှိတဲ့ အစိုးရတို့ကို တတ်နိုင်လို့ရှိရင် သတင်းပေးပါ။ တတ်နိုင်လို့ရှိရင် သူပုန်တွေခံတိုက်ပါ။ တတ်နိုင်လို့ရှိရင် ကျွန်တော်တို့အစိုးရတပ်နဲ့ ပူးပေါင်းပြီးတော့ စစ်တိုက်ကြပါလို့ ကျွန်တော်တို့ ပြောချင်ပါတယ်။

အဲသလို ရပ်ရွာကာကွယ်ရေးတွေကို လုပ်လို့ရှိရင် ဒီမှာရှိတဲ့ သောင်းကျန်းတဲ့သူတွေဟာ တဖြည်းဖြည်းအင်အားနည်းသွားပြီးတော့ဒီရပ်ရွာဟာ အေးချမ်းသွားပါလိမ့်မယ်။ အဲဒီလို အေးချမ်းသွားလို့ရှိရင် ဒီနယ်မှာ စီးပွားရေးဖွံ့ဖြိုးမှုတွေကို ကျွန်တော်တို့ တိတိကျကျ လုပ်နိုင်ပါလိမ့်မယ်။ ဒီလို ကျွန်တော်တို့ ရပ်ရွာအေးချမ်းသွားတာနဲ့တပြိုင်နက် စီးပွားရေးဖွံ့ဖြိုးမှုတွေကို ကျွန်တော်တို့ အဖက်ဖက်က ကြိုးစားပါမယ်။ အခုကျွန်တော်ပြောတဲ့စကားတွေဟာ တပ်မတော်မှာရှိတဲ့ တာဝန်ခံပုဂ္ဂိုလ်တွေဖြစ်တဲ့ ဒီမှာအခုရှိနေတဲ့ နယ်ခြားဒေသအုပ်ချုပ်ရေးအရာရှိချုပ် ဗိုလ်မှူးကြီးစောမြင့်တို့၊ ဗိုလ်မှူးကြီးရဲခေါင်တို့အတွက်ဆိုရင် ဒါဟာ အမိန့်ပေးတဲ့ ညွှန်ကြားချက်တရပ်ဖြစ်ပါတယ်။ စစ်တပ်မှာဆိုရင် အခုလိုပြောတဲ့ညွှန်ကြားချက်ဟာ သူတို့အတွက် အမိန့်တရပ်ဖြစ်ပါတယ်။

နိုင်ငံရေးအားဖြင့် စင်မြင့်ပေါ်မှာ ပြောတာနဲ့ ကျွန်တော်တို့စစ်တပ်မှာ ပြောတာဟာ ကွာခြားခြင်းရှိပါတယ်။ စစ်တပ်မှာတော့ ဒီလိုပြောတာကို အမိန့်အဖြစ်နဲ့ တပ်မတော်သားတွေ၊ အရာရှိအရာခံတွေဟာ အကုန်လိုက်လုပ်ရပါတယ်။ အဲဒါကြောင့် ကျွန်တော်ဒီနေ့ပြောပြီးတဲ့နောက်ပိုင်းမှာ သို့မဟုတ် မပြောခင်ကတည်းကဘဲ ကျွန်တော်တို့ စပြီးလုပ်နေတာတွေရှိပါတယ်။ ပြောပြီးတဲ့ နောက်ပိုင်းမှာလဲ ကျွန်တော်တို့ဒီမှာရှိနေတဲ့ နယ်ခြားဒေသအုပ်ချုပ်ရေးနဲ့ ဒီနယ်ခြားဒေသတာဝန်ခံတွေဟာ ဒီရပ်ရွာရဲ့ စီးပွားရေးလုပ်ငန်းတွေအားလုံး၊ ဒီရပ်ရွာမှာရှိတဲ့လူတွေရဲ့တိုးတက်ရာတိုးတက်ကြောင်း လူမှုရေးတိုးတက်ရာ တိုးတက်ကြောင်းတွေကို ခွန်တိုက်အားတိုက်လုပ်ပါလိမ့်မယ်။

ဒီအရပ်ဒေသမှာ ယဉ်ကျေးမှု ဘာသာရေးနဲ့ ပတ်သက်လို့ ရှိရင်လဲ သက်ဆိုင်ရာလူများစု ကိုးကွယ်ရာဘာသာတွေကို ကျွန်တော်တို့အားပေးပါမယ်။ ဘာသာရေးနဲ့ ပတ်သက်ပြီးတော့ ယုံထင်ကြောင်ထင်ဖြစ်နေတဲ့လူတွေရှိလို့ရှိရင် ကျွန်တော်တို့ အခုစကားပြောတဲ့အချိန်ကစပြီး ကျွန်တော်တို့ တိတိကျကျတာဝန်ခံပါမယ်။ ဒီအရပ်ဒေသမှာရှိတဲ့ လူများစုကိုးကွယ်တဲ့ ဘာသာဟာ လူများစုကိုးကွယ်တဲ့ ဘာသာအလျောက်၊ လူနည်းစု ကိုးကွယ်တဲ့ဘာသာဟာလူနည်းစုကိုးကွယ်တဲ့ ဘာသာအလျောက် ကျွန်တော်တို့အားပေးမယ်၊ စောင့်ရှောက်မယ်၊ ကာကွယ်မယ် ဆိုတာကို သေသေချာချာ ယုံကြည်စေချင်ပါတယ်။

စီးပွားရေး ကိစ္စနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုလို့ရှိရင် မေယုခရိုင်မှာ ပထမဦးဆုံး မွေးမြူရေးလုပ်ငန်းတွေ ကျွန်တော်တို့ အသက်သွင်းပါမယ်။ ဒီအရပ်ဒေသမှာဆိုရင် ကြက်မွေးတာတို့၊ ငါးမွေးတာတို့၊ နွားမွေးတာတို့ကို ကျွန်တော်တို့အားပေးမယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ရှိရင် ဒီမှာ ဗိုလ်မှူးကြီးရဲခေါင်အမှူးရှိတဲ့ ကျွန်တော်တို့ နယ်ခြားဒေသအုပ်ချုပ်ရေးတာဝန်ခံတွေက ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အခါအားလျော်စွာ အသေးစိတ်ရှင်းပြကြပါလိမ့်မယ်။ ကျွန်တော်



ကိုယ်စီလက်ခံရရှိကြသည့် အကျီလုံချည်များလဲလှယ်ဝတ်ဆင်လိုက်သောအခါ မုဂျာဟစ်တို့မှာ ဝမ်းပန်းတသာနှင့် ဤသို့ရှိကြပေ၏။



ဒု-ဗိုလ်မှူးကြီးစံခါင်၊ ဒု-ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်မှူးချုပ်အောင်ကြီးနှင့်နယ်ခြားချုပ် ဗိုလ်မှူးကြီးစောမြင့်တို့ စစ်မြင့်တွင် အလံတော်ကို အလေးပြုကာ မှုရှာဟစ်လက်နက်ချပွဲအခမ်းအနား ပြီးဆုံးခဲ့သည်။

တို့ မွေးမြူရေးကို အားပေးရတဲ့အကြောင်းရင်းကတော့ တခြားမဟုတ်ပါဘူး။ ဒီအရပ်ဒေသမှာ လယ်ယာဟာနဲနဲဘဲရှိတော့ မွေးမြူရေးနဲ့ ပူးပေါင်းပြီးလုပ်မှ၊ ဥပမာလယ်သမားတယောက်ဟာ မွေးမြူရေးကိုပါ လုပ်မှဘဲချောင် ချောင် လယ် လယ် ရှိ မယ်။ အဲဒါကြောင့် မွေးမြူရေးကိုတော့ မလုပ်လို့မဖြစ်ဘူး။ မွေးမြူရေးတခုခုကိုတော့ လယ်သမားတိုင်း-လယ်သမားတိုင်းဟာ လုပ်ဖို့လိုတယ်လို့ ကျွန်တော်တို့ထင်တဲ့အတွက် မွေးမြူရေးကို ကျွန်တော်တို့က အဓိကထားပြီးတော့ အားပေးပါမယ်။ ဒုတိယအချက်ကတော့ ဒီလယ်တွေဟာ တနှစ်ကို တကြိမ်ဘဲစိုက်ပါတယ်။ အဲဒါကို တနှစ်ကို နှစ်ကြိမ်စိုက်အောင်-စိုက်နိုင်အောင် ကျွန်တော်တို့အားပေးပါမယ်။ သီးထပ်စိုက်တယ်ဆိုတာဟာ လယ်ရဲ့နောက်ပိုင်းမှာ ပဲတို့၊ ကုလားပဲ၊ မြေပဲဆိုတဲ့ သီးထပ်စိုက်တဲ့ နည်းကိုလဲအားပေးပါမယ်။ အဲဒီတော့ကာ မွေးမြူရေးနဲ့ သီးထပ်စိုက်ရေးကို ကျွန်တော်တို့ဟာ အထူးတလည် အားပေးပါမယ်။ အချို့နဲနဲ တောင်ပေါ်ကျတဲ့ ဒေသမှာဆိုရင်ကျွန်တော်တို့ဟာ သစ်သီးဝလံစိုက်ရေး၊ ဥပမာ လိမ္မော်သီးတို့လဘက်တို့၊ ပြီးတော့ကျွန်တော်တို့ နှင်းသီးတို့ သစ်တော်သီးတို့ စတဲ့သစ်သီးဝလံစိုက်ပျိုးရေးကိုလဲ ကျွန်တော်တို့ကျကျနနအားပေးပါမယ်။ ဒီအစီအစဉ်တွေဟာ ကျွန်တော်တို့ မေယုခရိုင်မှာ နယ်ခြားဒေသတွေမှာ တာဝန်ခံတဲ့ လူတွေဆောင်ရွက်ရမယ့် အချက် အလက်တွေကို ကျွန်တော် အကြမ်းပြင်းပြောခြင်း ဖြစ်ပါတယ်။ မေယုခရိုင်နယ်ခြားဒေသ အုပ်ချုပ်ရေးလုပ်တာဟာ ဒီရပ်ရွာမှာရှိတဲ့ ဒေသဖွံ့ဖြိုးရေး၊ ဒီရပ်ရွာမှာရှိတဲ့လူတွေအေးအေးချမ်းချမ်းနဲ့နေနိုင်ရေး၊ ဒီရပ်ရွာမှာရှိတဲ့ လူတွေ စီးပွားရေးဖွံ့ဖြိုးအောင်၊ ပညာရေးဖွံ့ဖြိုးအောင်၊ ယဉ်ကျေးမှုဖွံ့ဖြိုးအောင်၊ ဘာသာရေးဖွံ့ဖြိုးအောင်လုပ်ဖို့ဘဲဖြစ်တယ်ဆိုတာကို ဒီရပ်ရွာမှာ အခုကြွရောက်လာတဲ့ ပုဂ္ဂိုလ်များကတဆင့် ဒီမေယုခရိုင်မှာရှိတဲ့ လူထုအားလုံးကို သေသေချာချာအကြောင်းကြားပေးပါလို့ ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်။

တတိယအချက် ကျွန်တော် ပြောချင်တဲ့အချက်ကတော့ လက်နက်ချတဲ့ ကိစ္စတွေနဲ့ပတ်သက်ပါတယ်၊ အခုဒီနေ့မှာဆိုရင် အားလုံး မျက်စိအောက်မှာဘဲ ဘူးသီးတောင်မောင်းတောလမ်းမရဲ့ တောင်ပိုင်းမှာ ရှိတဲ့အရင်တုန်းကတော်လှန်ရေးလုပ်တဲ့ ရဲဘော်တွေ အားလုံး အခုလက်နက် စွန့်လွှတ်ပါတယ်။ ဒီလူတွေ ဒီလို လက်နက်စွန့်လွှတ်တာဟာ အမှန်စင်စစ်ကတော့ ဒီနယ်မှာရှိတဲ့ တောသူ တောင်သား လယ်သမားကျေးဇူး ရှင် တွေ ကို ကျေးဇူး ဆပ်တာဘဲလို့ ကျွန်တော်တို့ ယူ ဆ ပါတယ်။ သူတို့ဒီလိုလုပ်ခြင်းအားဖြင့် ဒီရပ်ရွာဟာ အရင်တုန်းကထက် ပိုပြီးတော့ အေးအေး ချမ်းချမ်းနဲ့ လယ်ယာ ချောင်းမြောင်း လုပ်နိုင်မယ်၊ တာငါလုပ်နိုင်မယ်၊ ကြက်မွေးမြူရေးလုပ်နိုင်မယ်၊ ကူးသန်းရောင်းဝယ်ရေးတွေ ပိုလုပ်နိုင်မယ်။ ဒါကြောင့် ဒီလူတွေ အခုလိုအလင်းဝင်လိုက်တာဟာ ဒီနယ်မှာ အရင်တုန်းက သူတို့ ပိုက်ဆံ ကြေးငွေ အလှူခံပြီးတော့ စားသောက် နေခဲ့တာကို ကျေးဇူးတုံ့ပြန်လိုက်တယ်လို့ ယူဆ စေချင်ပါတယ်။ ဒီလက်နက်ချတဲ့ အလင်းဝင်တွေရဲ့ ချွတ်ယွင်းချက်တွေ ရှိလို့ရှိရင်လဲ ကျွန်တော်တို့ကြွရောက်လာတဲ့ ပြည်သူ လူထုက တဆင့်ခွင့်လွှတ်ကြဘို့ ကျွန်တော် လက်နက်ချတဲ့ရဲဘော်များကိုယ်စားကျွန်တော်တောင်းပန်ပါတယ်။ လက်နက်ကိုင်ပြီး အစိုးရကို တိုက်တဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ကာ အရင်တုန်းကတော့ မှန်သလောက် မှန်တဲ့ အချက်အလက်တွေရှိပါတယ်။ အရင်တုန်းကဆိုရင် ဒီမှုရှာဟစ်ဆိုတဲ့ သောင်းကျန်းမှုဟာ ဘာသာရေး နှိပ်ကွပ်မှုကြောင့်လို့ သူတို့က အကြောင်းပြပါတယ်၊ စီးပွားရေး နှိပ်ကွပ်မှုလဲရှိတယ်လို့အကြောင်းပြပါတယ်၊ လူမျိုးရေး နှိပ်ကွပ်မှုဆိုတဲ့အကြောင်းကိုလဲ ပြပါတယ်၊ အဲဒီအချက်အလက်တွေဟာ တချိန်တုန်းက အနဲနဲ့အများ အသင့်အတင့်မှန်သလောက်မှန်တာတွေလဲရှိပါတယ်။

အဲဒါကြောင့် ဟိုတုန်းက တောခိုတယ်၊ သို့မဟုတ် သူပုန်ထတယ်၊ သို့မဟုတ် လက်နက်ကိုင် တော်လှန်တယ်ဆိုတဲ့ အချက်တွေဟာ ဟိုတုန်းက ဟိုခေတ် အလျောက်တော့ ဟိုအချိန်တုန်းက နဲနဲလေးမှန်သလောက်မှန်ပါတယ်။ ရပ်ရွာလူထုကလဲ ဒါဟာ မှုဆလင်တွေရဲ့ အရေးဘဲဆိုပြီးတော့ ရပ်ရွာကလဲ အားပေး[illegible]တယ်။ ဟိုခေတ် ဟိုအချိန်တုန်းက မှန်သ[illegible]က် မှန်ပေမယ်လို့ အခုနောက်ပိုင်းမှာတော့ တဖြည်းဖြည်း ဒါတွေဟာ တဖြည်းဖြည်းလွဲကုန်ကြပါတယ်၊ အခုဆိုလို့ရှိရင် ခင်ဗျားတို့ သိတဲ့အတိုင်းဘဲ ဒီနယ်မှာ မေယုခရိုင်မှာ ဘာသာရေးနှိပ်ကွပ်မှုဆိုတာလဲမရှိဘူး၊ စီးပွားရေးနှိပ်ကွပ်မှုဆိုတာလဲ မရှိရုံတွင်မကဘူး၊ ကျွန်တော်တို့က အားအမျိုးမျိုးပေးဘို့လဲ ဆောင်ရွက်နေတယ်၊ လူမျိုးရေး နှိပ်ကွပ်မှုဆိုတာလဲ မရှိတော့ဘူး။ ဘာပြုလို့လဲဆိုတော့ ရိုဟင်ဂျာ

ကို ကျုပ်တို့က လူမျိုးစုငယ်တခု အဖြစ်နဲ့ သေသေ ချာချာ အသိ အမှတ် ပြုပြီးတော့ ဒီလူမျိုးစုရဲ့ တိုးတက်ရေးကို ကျွန်တော်တို့ လုပ်နေတယ်။ အဲဒီတော့ ဒီနယ်မှာ ဒီနေ့ ဆိုရင် ဘာသာရေးနှိပ်ကွပ်မှုလဲ လုံးလုံးမရှိ ဘူး။ စီးပွားရေးနှိပ်ကွပ်မှုလဲလုံးလုံးမရှိဘူး။ လူမျိုးရေးနှိပ်ကွပ်မှုလဲ လုံးလုံးမရှိဘူး။ အဲဒီ တော့ ကျန်ရစ်ခဲ့တဲ့ လူတွေဟာ သောင်း ကျန်းစရာ ဘာအကြောင်းမှ နိုင်လုံတဲ့အ ကြောင်း မရှိ တော့ဘူး။ အ ရင် တုန်း က ၁၉၄၈-ခုနှစ်တုန်းက အကြောင်းပြ နိုင်လုံ ချင် နိုင်လုံမယ်၊ အကြောင်းပြ မှန်ချင်လဲမှန် မယ်၊ သို့ပေမယ့်လို့ ဒီနေ့ ၁၉၆၁-ခုနှစ်မှာ ဆိုရင်တော့အရင်တုန်းကအကြောင်းပြတွေ ဟာဘာခုမှမရှိတော့ဘူး၊ အခုဆိုရင် ခင်ဗျား တို့ဘာများ အကြောင်းပြနိုင်မလဲ၊ သူပုန်ထ တဲ့လူတွေဟာ ဘာများခိုင်လုံတဲ့ သူပုန်ထစ ရာအကြောင်းရှိမလဲ၊ ဘာသာရေး အား ဖြင့်ဆိုရင်လဲ ကျွန်တော်တို့က ဒီမှာလူများစု ကိုးကွယ်တဲ့ မူဆလင် ဘာသာကို ကျွန် တော်တို့ အားပေးမှာဘဲ၊ ကူညီထောက်ပံ့ မှာဘဲ၊ ဗလီတွေဆောက်ပေးမှာဘဲ၊ အလှူ ငွေတွေထည့်မှာဘဲ၊ ဒီမှာ ဗုဒ္ဓဘာသာနဲ့ ရှိရင်လဲ ရှိတဲ့အလျောက် အားပေးမှာဘဲ။ ဘုန်းကြီးကျောင်းတွေ အားပေးမှာဘဲ၊ အဲ ဒီတော့ ဘာသာရေးနှိပ်ကွပ်မှုဆိုတာ ဒီအ ရပ်ဒေသမှာမရှိဘူး၊ စီးပွားရေး နှိပ်ကွပ်မှု ဆိုတာလဲ အခုန ကျွန်တော် ပြောတဲ့ အ တိုင်း မရှိတဲ့ အပြင် အားတောင်ပေးဘို့ အ ဆင်သင့်ရှိနေတယ်။ လူမျိုးရေးနှိပ်ကွပ်မှုဆို တာလဲ မရှိတော့ဘူး၊ အဲဒီတော့ ဒီ သူပုန် ထတဲ့ အကောင်တွေဟာ သူပုန်ထစရာ အ ကြောင်းကိုမရှိဘူး၊ အဲသူတို့ဟာအရင်တုန်း က ဘာတွေဘဲ ကြွေးကြော် ကြွေးကြော် အခုဆိုလို့ရှိရင် ဒီကောင်တွေဟာ ဘာဘဲ လုပ်သလဲ၊ ရပ်ရွာမှာ ဆက်ကြေးတောင်း ဓားပြတိုက်၊ မိန်းကလေးတွေ ပြန်ပေးဆွဲ၊ ဒါမှမဟုတ်လို့ရှိရင် အ[illegible]ာလူကြီးတွေ ပြန်ပေးဆွဲဆိုတဲ့ အလုပ်တွေဘဲရှိတယ်၊ ဒါ ဟာ အရင်တုန်းက သူပုန်ထတဲ့ အကြောင်း နဲ့ ဘာမှ မဆိုင်တော့ဘူး၊ လားလားမှမဆိုင် တော့ဘူး၊ အခု သူတို့လုပ်တာတွေအားလုံး ကို ခြုံကြည့်လို့ရှိရင် ဓားပြအကြီးစားဘဲဖြစ် နေတယ်။

အဲဒီတော့ ဒီလို ဓားပြ တိုက်တဲ့လူတွေ ဟာ ဓားပြတွေသေသလိုဘဲသေသွားရလိမ့် မယ်။ သူတို့ဟာဒီနေ့တော့ ဓားပြဖြစ်သွား တဲ့အတွက် ဓားပြတိုက်ဘာကိုဘဲ အဓိက ထားနေလို့ရှိရင် အခုဒီမှာ လက်နက်ချတဲ့ ရဲဘော်တွေလို မှန်ကန်တဲ့အယူအဆ မဝင် လာလို့ရှိရင် ဒီကောင်တွေဟာ ရာခိုင်နှုန်း အပြည့် ဓားပြဖြစ်နေလိမ့်မယ်။ ဓားပြတွေ ဟာ ဓားပြသေတဲ့နည်းနဲ့ဘဲ တနေ့သေရ လိမ့်မယ်၊ ဘယ်ကမ္ဘာကမှ၊ ဘယ်ရာဇဝင် မှာမှ ဓားပြတွေဟာ ဆက်တိုက်ကြီးပွားနေ တယ်ဆိုတာ မရှိဘူး။ ဓားပြ တိုက်လို့ရှိရင် ဓားပြဟာ တနေ့ကျ ဓားပြတွေလိုသေရမှာ ဘဲ။ အဲဒီတော့ စိတ်ချပါ၊ မကြာခင်ဒီကောင် တွေဟာ ဓားပြတွေလိုသေရမယ်။ ဒီလူတွေ နဲ့ပတ်သက်ပြီးတော့ ကျွန်တော်အခုတည်း ကကြိုတင်ပြီးတော့ ပေဒင် ဟော လိုက်ပါ မယ်။ သူတို့ဟာ အခုဒီနေ့မှာရှိတဲ့ ကျွန် တော်တို့ရဲ့ အလင်းဝင် ရဲဘော်ကြီး တွေလို နိုင်ငံရေးစိတ်၊ မျိုးချစ်စိတ် ရှိလို့ရှိရင် အ လင်းဝင်ခဲ့ကြပါ။ အ လင်း ဝင် ပြီးလို့ရှိရင် ကျွန်တော်တို့တပ်မတော်တွေနဲ့ တွဲပြီးတော့ ရပ် ရွာ ကောင်း စား ရေးကိုလုပ်ကြပါ။ ဒါ ကျွန် တော် တို့ရဲ့ အင် မ တန် ရိုး သား တဲ့ မေတ္တာရပ်ခံချက်ဖြစ်ပါတယ်။ အကယ်၍အဲ သည်လိုမှမလုပ်ဘဲနဲ့ ဒီလို ဓားပြဆက်တိုက် နေတဲ့လမ်းစဉ်ကို မှန်တယ်လို့ထင်ရင် ကျွန် တော်တို့က စစ်ဆင်ရေးကို ကျကျနနလုပ်ရ ပါလိမ့်မယ်။ အရင်တုန်းကဆိုရင် ဒီနေ့ထိ ကျွန်တော်တို့ ဒီမူဂျာဟစ်နယ်မှာ ကျွန်တော် တို့တပ်မတော်ရဲ့ ဦးစားပေးမှုဟာ အင်မ တန်နဲ့ပါတယ်။ ရှေ့ရှောက် ဆို လို့ ရှိရင် တော့ ကျွန်တော်တို့က သေသေချာချာဦး စားပေးဘို့ အဆင်သင့်ရှိတယ်။ ကျွန်တော် တို့မှာ တပ်မတော်တွေ စစ်တပ်တွေအလုံအ လောက်ရှိတယ်။ လိုသလောက်စစ်တပ်ကို ဒီကိုပို့လို့လဲရတယ်။ ထပ် ဖြည့် လို့ လဲရ တယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ အ ကယ်၍ ရှေ့တလနှစ်လသုံးလအတွင်းမှာမှ သူတို့ လက်နက် မချဘူးဆိုရင် ကျွန် တော် တို့ဘပ်အများကြီးလာပြီးတော့ ဒီလူတွေကို ဒီနှစ်မကုန်ခင် အကုန်လုံးရှင်းမယ်ဆိုတာကို တိတိလင်းလင်း ကျွန်တော် ပြော လိုက်ပါ တယ်။

အဲဒီတော့ ဒီမေယုခရိုင်မှာရှိတဲ့ ကျွန် တော်တို့ နိုင်ငံရေးခေါင်းဆောင်တွေ၊ ဘာ သာရေးခေါင်းဆောင်တွေ၊လူမှုရေးခေါင်း ဆောင်တွေကို ကျွန်တော်မေတ္တာရပ်ခံချင် ပါတယ်။ အဲဒီကျန်ရစ်ခဲ့သေးတဲ့ လက်နက် မချသေးတဲ့ မိတ်ဆွေတွေကို ကျွန်တော်တို့ က ရန်သူလို သဘောမထားပါဘူး။ သူတို့ ကိုတတ်နိုင်သမျှ အခုဒီမှာ ကြွရောက်လာ တဲ့ အလင်းဝင်ရဲဘော်တွေကို အမြင်မှန်ရ အောင် တဆိတ်ကြိုးစားပေးကြပါ။ ကျွန် တော်တို့ဟာ ပြည်ထောင်စုသားအဖြစ် သ ဘောထားတဲ့အတွက် ပြည်ထောင်စုသား အချင်းချင်း တိုက် တာလဲ မလိုချင်ပါဘူး။ သွေးထွက်သံယိုရှိတာလဲမလိုချင်ဘူး။ အဲဒါ ကြောင့် သူတို့ကို မေတ္တာ နည်း နဲ့ ပြန် ပြီး သိမ်းသွင်းစေချင်ပါတယ်။ အကယ်၍မှ ဒီ မှာငှိတဲ့ ကြွ ရောက် လာ တဲ့ ဒီ မေ ယုခရိုင် မှာ ရှိ တဲ့ နိုင် ငံ ရေး ခေါင်း ဆောင် တွေ၊ ဘာသာရေး ခေါင်းဆောင်တွေ၊ လူမှုရေး ခေါင်းဆောင်တွေကသိမ်းသွင်းလို့မှ မရလို့ ရှိရင်တော့ ကျွန်တော်တို့ကတော့ ပြတ်ပြတ် သားသားတိုက်မှာဘဲ။ နှိမ်လဲနှိမ်နိုင်မှာဘဲ။ နှိမ်နိုင်တဲ့ အခြေအနေမှာလဲ ရှိပါတယ်၊အဲ ဒါကြောင့် သူတို့ကိုကျွန်တော်တို့က မတိုက် ခင် တတ်နိုင်သမျှသွေးထွက်သံယိုမဖြစ်ခင် မဖြစ်ဘဲနဲ့ပီးချင်ပါတယ်၊ အဲဒါကြောင့်ကျွန် တော်တို့ဒီမှာရှိတဲ့ခေါင်းဆောင်ကြီးများက တဆင့်၊ဘာသာရေးခေါင်းဆောင်ကြီးများ က တဆင့်၊ လူမှုရေးခေါင်းဆောင်ကြီးများ ကတဆင့် ကျွန်တော်တို့ တဆိတ် သူတို့ကို တတ်နိုင်တဲ့ နည်း အမျိုးမျိုးနဲ့ သူတို့ကို အ လင်းကိုရောက်အောင် ဆောင်ရွက် ပေးပါ လို့ ကျွန်တော်မေတ္တာရပ်ခံလိုပါတယ်။

ယခုကျွန်တော်ပြောတဲ့စကားကို စိတ်ပါ ဝင်စားစွာ အချိန်ယူပြီးတော့ သည်းခံ နား ထောင်ကြတဲ့အတွက် ယခုကြွရောက်လာတဲ့ ဒီမေယုခရိုင်မှာရှိတဲ့ နိုင်ငံရေးခေါင်းဆောင် တွေ၊ ဘာသာရေး ခေါင်းဆောင်တွေ၊လူမှု ရေး ခေါင်းဆောင် တွေ နဲ့ တ ကွ ယခုကြွ ရောက်လာတဲ့ ကျွန်တော့် ရှေ့မှောက်မှာ ရှိတဲ့ အလင်းဝင်ခေါင်းဆောင်နဲ့ အလင်း ဝင် ရဲဘော်တွေအားလုံးကို အင်မတန်ကျေး ဇူး တင် တယ် ဆိုတဲ့ အ ကြောင်း ကို ကျွန် တော် ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

★

★ ★

ထိုင်ကြပြီး လယ်ယာလုပ်ငန်း၊ တခါလုပ်ငန်းများဖြင့် အသက်မွေးမြူလျက် ရှိကြ၏။ အချို့သော ရိုဟင်ဂျာ အမျိုးသားများကား ကုန်စုံဆိုင်ကြီးများကို တည်ခင်း ရောင်းချခြင်းအားဖြင့် အသက်မွေးမြူလျက် ရှိသည်ကို တွေ့ရသည်။ ဘူးသီးတောင် မောင်းတောမြို့များတွင်ရှိကြသော ရိုဟင်ဂျာအမျိုးသမီးများမှာမူ ကလေးအရွယ် လူမမည်ကလေးများနှင့် ကျောင်းသူ အရွယ် (၄-၅-၁)နှစ်ရှိသော ရိုဟင်ဂျာအမျိုးသမီးကလေးများမှအပ ကျန်ရှိသော (၁၀)နှစ်ကျော် (၁၂)နှစ်အထက် အမျိုးသမီးများမှာ အိမ်တွင်းဝယ် ပုန်းအောင်း နေထိုင်ကြသည်ကိုသာ တွေ့ရခဲ့သည်။ ရခိုင်လူမျိုး များနှင့် တမြေတည်းနေ တရေတည်း သောက်ပြီးလျှင် တရပ်တည်း၊ ကြီးပြင်း လာကြသော်လည်း အတူတူရောယှက်နေထိုင်ခြင်း၊ စားသောက်ခြင်း၊ လုပ်ကိုင်ခြင်း၊ မင်္ဂလာဆောင်နှင်းခြင်း စသည့် အပြုအမူများကို ပူးတွဲရောယှက်လုပ်ကိုင်လေ့ မရှိကြပေ။

> ရိုဟင်ဂျာအမျိုးသားလုကလည်း ငါတို့တတွေ ပြည်ထောင်စုမြန်မာနိုင်ငံတော်သားများတည်းဟု နားလည် ကြပေပြီ ဖြစ်သဖြင့် အခမ်းအနား လာသည့် လူကြီးများအား ဤသို့ မျှော်တလင့်လင့် ကြိုဆိုနေကြ၏၊

ရိုဟင်ဂျာ အမျိုးသား များတို့၏ ထူးခြားသည့်အိမ်ထောင်ရေး အခွင့်အရေးမှာမူ ရိုဟင်ဂျာအမျိုးသား တဦးလျှင် အမျိုးသမီး(၄)ဦးအထိ ထိမ်းမြား လက်ထပ်နိုင်ခြင်းပင်ဖြစ်သည်။ ထို(၄)ယောက် အနက်မှ တဦးဦးသောအမျိုးသမီးနှင့် ပေါင်းဖက်ခြင်းမပြုလိုပါက အမျိုးသားလုပ်သူက ၎င်းအမျိုးသမီးအား ထိုက်သင့်သောအခကြေးငွေပေး၍ ကွာရှင်းနိုင်ခွင့်ရှိ၏။ ရခိုင်လူမျိုးများနှင့်မူကား ရိုဟင်ဂျာများသည် အစားအသောက် အနေအထိုင် အပြုအမူဆက်ဆံရေးကအစ ယဉ်ကျေးမှု ဓလေ့ထုံးစံများသည် အလွန်ကွာခြားလျက်ရှိကြောင်း သိရပေသည်။

ယခုအခါတွင် ရခိုင်အမျိုးသား များမှာ ခေါင်းပေါင်းများ ပေါင်းပြီး ရိုဟင်ဂျာ အမျိုးသားများမှာမူကား ဦးထုပ်များဆောင်းလျက်ရှိကြ၏။ အချို့ ရိုဟင်ဂျာ များမှာမူ ဆံပင်ကို လည်ဂုတ်အထိ အရှည် ထားရှိကြသည်ကို တွေ့ရပေသည်။ရိုဟင်ဂျာအမျိုးသမီးများ၏ ဝတ်ပုံ စားပုံမှာ ရခိုင် အမျိုးသမီးများနှင့် ဆင်တူရိုးမှားပင်ရှိသော်ငြားလည်း စင်စစ်မတူကြပေ။ ရိုဟင်ဂျာအမျိုးသမီးများ၏ ဝတ်ပုံစားပုံမှာ ခေါင်းပုဆိုး၊ အနံကျယ်သော ပုဝါ၊ ဝတ်ရုံများနှင့် ခါးပတ်များ ဝတ်ဆင်လေ့ ရှိကြ၏။ ရိုဟင်ဂျာလူမျိုးများမှာ သီးခြားဘာသာ စကားစာပေနှင့် ယဉ်ကျေးမှု ရှိသည်ဟု ဆိုပေသည်၊ ရိုဟင်ဂျာစကားမှာ အာရဗီ၊ ဖာရစီ၊ ဘင်္ဂါလီ၊ အူရ်ဒူနှင့် ရခိုင်စကားများ ရောနှော လာသော စကားဖြစ်သည်ဟု သိရပေသည်။ ရိုဟင်ဂျာအမျိုးသားများသည် အစ္စလာမ် ဘာသာကို အထူးသဖြင့် ကိုးကွယ်ယုံကြည် ဆည်းကပ်သူများ ဖြစ်သည့်အတိုင်း အားလပ်သည့် အချိန်အခါတိုင်း လိုသိုမှာပင် ဘုရားဝတ်တက်လေ့ရှိသည်ကို တွေ့ရပေသည်။ ရိုဟင်ဂျာများ၏ အသား အရောင် လူနေပုံပန်း



သဏ္ဍာန်မှာမူ ပါကစ္စတန် အမျိုးသား များနှင့် ခပ်ဆင်ဆင် တူလျက်ရှိ၏။ ရခိုင် အမျိုးသားများမှာမူ အသားအရေ လူလုံး လူဖန်ဟန်အမူအရာများတို့သည် စကားအပြောအဆိုမှ လွဲ၍ ပြည်မကြီးသား မြန်မာ အမျိုးသားများနှင့် ပုံပန်းသဏ္ဍာန်အားဖြင့် တူညီသည်ကို တွေ့ရပေသည်။ ထို့မှတပါး မြန်မာအမျိုးသားများကဲ့သို့ပင် ဗုဒ္ဓဘာသာကို ကိုးကွယ် ဆည်းကပ်ရုံမျှမက ဘုရား တည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ရဟန်း ဝတ်ခြင်း၊ ရှင်ပြုခြင်း စသည့် လုပ်ငန်း များကိုလည်း ပြုလုပ်ကြသည်ဟု သိရှိခဲ့ရပေသည်။ ဘူးသီးတောင် မောင်း တော မြို့ များ တွင်ရိုဟင်ဂျာအမျိုးသား အများစုနေထိုင်ကြပြီးရသေ့တောင်မှစ၍ စစ်တွေအထိကျန်ရှိသောရပ် ကွက်များ တွင်မူကား ရခိုင်အမျိုးသားများ နေထိုင်ကြကြောင်း သိရှိရပေသည်။

## အစိုးရရုံးများ

မေယုနယ်ခြားခရိုင်တွင် အုပ်ချုပ်မှုဆိုင်ရာ အစိုးရရုံးများစိုက်ထူပြီး နယ်သူ နယ်သားများ၏ လုံခြုံရေး၊ ငြိမ်းချမ်းရေး၊ လူမှုဖွံ့ဖြိုးရေး၊ လူနေမှု အဆင့်အတန်း တိုးတက်ရေးတို့ကို လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရပေသည်။ မေယုခရိုင်တွင် အထူးသဖြင့် မောင်းတောမြို့၊ ဘူးသီးတောင်မြို့များတွင် အုပ်ချုပ်မှုဆိုင်ရာ အစိုးရရုံးများ အများအပြား တည်ရှိကြ၏။ ၎င်းရုံးများမှာ နယ်ပိုင်ဝန်ထောက်ရုံး၊ မြို့ပိုင်ရုံး၊ တရားမတရားသူကြီးရုံး၊ အကောက်တော်ရုံး၊ သမဝါယမရုံး၊ မြေတိုင်းရုံး၊ ရဲဌာန၊ ပညာအုပ်ရုံး၊ လယ်ယာစိုက်ပျိုးရေးရုံး၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ရုံး၊ စာတိုက်နှင့်ကြေးနန်းရုံးများ၊ လူဝင်မှုကြီးကြပ်ရေးရုံးနှင့် မှတ်ပုံတင်ရုံးများဖြစ်ကြ၏။ ထို့အပြင် နိုင်ငံတော်အစိုးရ စာသင်ကျောင်းများလည်း ရှိကြပေသည်။

## အုပ်ချုပ်ရေး

၁၉၆၁-ခု၊ မေလ (၁၀)ရက်နေ့ကစပြီးလျှင် မေယုနယ်ခြားခရိုင်အဖြစ် နိုင်ငံတော်အစိုးရက သီးခြားခရိုင်တခု အနေဖြင့် သတ်မှတ်ပြီး ဝန်ကြီးချုပ်ရုံး လက်အောက်ရှိ နယ်ခြား ဒေသ အုပ် ချုပ်ရေးသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပေသည်။ ထို့မှတပါး ရခိုင်တပ်ပေါင်းစုမှူးဖြစ်သည့် ဒု-ဗိုလ်မှူးကြီး ရဲခေါင်ကိုလည်း မေယု နယ်ခြားခရိုင်၏ လုံခြုံရေး၊ တာကွယ်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုဖွံ့ဖြိုး

ရေးများကို အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမတ အမိန့်ဖြင့် မေယုနယ်ခြားခရိုင် အထူး အုပ်ချုပ်ရေးအရာရှိအဖြစ် အာဏာကုန်လွှဲအပ် တာဝန်ပေးပြီးဖြစ်ပေသည်။ ယခုအခါတွင် မေယုနယ်ခြား ခရိုင်အား ရခိုင်တပ်ပေါင်းစုမှူးဖြစ်သည့် ဒု-ဗိုလ်မှူးကြီးရဲခေါင်သည် ဒု-တပ်ရင်းမှူး ဗိုလ်မှူးအံ့ကြွယ်နှင့်အတူ ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်လျက် ရှိသည့် အပြင် ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေး၊ မူဂျာဟစ်သောင်းကျန်းသူ များအား နှိမ်နင်းဖြိုဖျက် တိုက်ခိုက်ရေးများကို အားသွန်ခွန်စိုက် လုပ်ဆောင်လျက် ရှိသည်ကို တွေ့ရပေသည်။

## တောင်ပိုင်း မူဂျာဟစ် ပါတီ လက်နက်ချအပ်ခြင်း

ရခိုင်တပ်ပေါင်းစုမှူးဖြစ်သည့် ဒု-ဗိုလ်မှူးကြီးရဲခေါင်သည် မေယုခရိုင် အတွင်းရှိ မူဂျာဟစ်သောင်းကျန်းသူများကို မိုးရာသီ စစ်ဆင်ရေးအားဖြင့် ဒလကြမ်း ထိုးစစ်ဆင်လျက်ရှိသည့်အတွက် သောင်းကျန်းသူ မူဂျာဟစ်များသည် နေ့စဉ်နှင့်အမျှပင် ဗိုလ်မှူးကြီးရဲခေါင်ထံသို့ လက်နက်ချ အလင်းဝင်လျက်ရှိနေသည်ကို တွေ့ရပေသည်။ လွန်ခဲ့သည့် ဇူလိုင်လ (၄)ရက်နေ့က ဆိုလျှင် မေယုခရိုင် တောင်ပိုင်းတိုင်း မူဂျာဟစ်ပါတီ ဥက္ကဋ္ဌ မစ္စတာ ရော်ဘီ ဟူလာနှင့် ဒုတိယဥက္ကဋ္ဌဖြစ်သူ မစ္စတာ မော် စ တော် ဗီတို့ ခေါင်းဆောင် ကာ အလင်းဝင် ရဲဘော် ပေါင်း(၂၉၀)ကျော် လက်နက်ချ အခမ်းအနားကို မောင်းတောမြို့ရှိ စစ်ရေးပြကွင်းတွင် တ ခမ်း တ နား ကျင်း ပ ပြီး ဖြစ်ပေသည်။

## ဗိုလ်မှူး ချုပ်နှင့် အဖွဲ့ဝင်များ မောင်းတောမြို့သို့ ရောက်ခြင်း

ဇူလိုင်လ ၃-ရက်နေ့ညနေ ၅-နာရီခွဲ ခချိန်မှာမှ "ဗိုလ်မှူး[illegible] ကျန်းမာပါစေ" "မေယုခရိုင် ငြိမ်း ချမ်းပါစေ" ဟူ သော တခဲနက် ကြွေးကြော်သံများဖြင့် မေယုခရိုင် တောင်ပိုင်း မူဂျာဟစ်ပါတီလက်နက်ချ အခမ်းအနားသို့ ကြွရောက် လာကြသည့် ဗိုလ်မှူးချုပ် အောင်ကြီးနှင့် အဖွဲ့ဝင် များအား မောင်းတော မြို့ပေါ်ရှိ မော်လဝီ ဆရာကြီး များ၊ ရိုဟင်ဂျာများ မြို့မိမြို့ဖများက လှိုက်လှိုက်လှဲလှဲ တခဲနက် ကြွေးကြော် ကြိုဆိုကြ၏။ ဗိုလ်မှူး ချုပ် အောင်ကြီးနှင့် အတူ ရန်ကုန်မှ နယ်ခြားဒေသ အုပ်ချုပ်ရေး အရာရှိချုပ် ဗိုလ်မှူးကြီးစောမြင့်၊ ဗိုလ်မှူးကြီး ခင်ညို၊ ဗိုလ်မှူးကြီးသိန်းမောင်၊ နယ်ခြားဒေသ အုပ်ချုပ်ရေးဌာနမှ အတွင်းဝန် ဦးခင်ညွန့်၊ ရခိုင်တပ်ပေါင်းစုမှူး ဒု-ဗိုလ်မှူးကြီး ရဲခေါင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဦးစီး(၁) ဒု-ဗိုလ်မှူးကြီးလှဘုန်း၊ ပညာရေးနှင့်စိတ်ဓာတ်ရေးဌာန ဒု-ညွှန်ကြားရေးမှူး ဦးစောဦး၊ ရခိုင်တိုင်းရဲမင်းကြီး ဦးသိန်းလွင်နှင့်တကွတပ်မတော်၊ ရဲဘက်၊ နယ်ဘက်ဆိုင်ရာမှပုဂ္ဂိုလ်ကြီးများ လိုက် ပါ လာ ကြသည် ကိုတွေ့ရပေသည်။

ဗိုလ်မှူးချုပ်အောင်ကြီးနှင့် အဖွဲ့ဝင်များအား မောင်းတောမြို့ အဝင်ဝမှနေ၍ ဗိုလ်မှူးချုပ်ကျန်းမာပါစေ၊ မေယုခရိုင်ငြိမ်းချမ်းပါစေ ဟူ သော ကြွေး ကြော် သံ များ ဖြင့် မောင်းတောမြို့ပေါ်ရှိ မော် လ ဝီ ဆရာကြီး များ၊ ရိုဟင်ဂျာ အမျိုးသားများ၊ မြို့မိမြို့ဖ များ၊ ကျောင်း သူ ကျောင်း သား များ၊ ကျောင်း ဆ ရာ များ၊ ကင်း ထောက် များ၊ နိုင် ငံ တော် ကြံ့ ခိုင် ရေး အ ဖွဲ့ ဝင် များ စုစုပေါင်း ၃-ထောင်ကျော်ခန့်က တ ခဲ နက် ကြွေးကြော်ကာ မှန်ဦးမဏ္ဍပ်များဖြင့် ကြိုဆိုကြသည်။ ထို့ပြင် ရိုဟင်ဂျာ အမျိုးသမီးကလေးများ၊ ရခိုင် မှ ဆ လင် အမျိုး သမီးကလေးများတို့က ဗိုလ်မှူးချုပ်နှင့် အဖွဲ့ဝင်တို့အား ပန်းစည်းများ ဆက်သပြီး ကြိုဆိုကြသည်။

## ဗိုလ်မှူးချုပ်နှင့် အဖွဲ့ဝင်များ မောင်းတောမြို့သို့ကြည့်ရှုခြင်း

ဗိုလ်မှူးချုပ်နှင့် အဖွဲ့ဝင်များသည် ခရီးဦး ကြိုပြုကြသော မောင်း တော မြို့ ပေါ် ရှိ မော်လဝီဆရာကြီးများ၊ ရိုဟင်ဂျာ ခေါင်းဆောင်များ၊ ရခိုင်မှဆလင် ခေါင်း ဆောင်များ၊ ကင်းထောက်များ၊ လူငယ်များ ကို ပြုံးရွှင် လှိုက်လှဲစွာ နှုတ်ဆက် ပြီး မောင်းတောမြို့လည်ရှိ မင်းတဲရိပ်သာသို့ ထွက်ခွာသွားကြသည်။ ထို့နောက် မြို့ပေါ်ရှိအစိုးရ အရာရှိကြီးများ၊ ခေါင်း ဆောင် များ နှင့် တွေ့ဆွေးနွေးပြီးလျှင် မောင်းတောမြို့တွင်းသို့ရင်း၊ နယ်နိမိတ် သတ် မှတ် ထား ရာ ဖြစ်သည့် နတ်မြစ်သို့ရင်း သွားရောက် လေ့လာ ကြည့်ရှုကြပြီးလျှင် မင်းတဲ ရိပ်သာတွင် တညတည်းခိုကြသည်။

## တောင်ပိုင်း မူဂျာဟစ်ပါတီ လက်နက်ချအခမ်းအနား

ဇူလိုင်လ ၄-ရက်နေ့ နံနက် ၈-နာရီအချိန်တွင် ဘူးသီးတောင် မောင်း တော မြို့ရှိ တပ်မတော်စစ်ရေးပြကွင်း၌ ဘူးသီးတောင် တောင်ပိုင်း မူဂျာဟစ်ပါတီ လက် နက် ချ အခမ်းအနားတရပ်ကို စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ထိုအခမ်း အနားသို့ ရန်ကုန်မှ ရောက် ရှိ လာသော ဗိုလ်မှူးချုပ်



မိုးကြီးသည်းထန်စွာရွာသည့် အကြားမှာပင် ကြိုဆိုသူ မေယုနယ်ခြား ခရိုင်သားတို့မှာ စိတ်အားမလျော့။

အောင်ကြီးနှင့်တကွ အဖွဲ့ဝင်များအပြင် မောင်းတော‌မြို့ပေါ်ရှိ မော်လဝီဆရာကြီးများ၊ မြို့မိမြို့ဖများ၊ အစိုးရအရာရှိကြီးများ ကျောင်းသူ ကျောင်းသားများ၊ ကျောင်းဆရာ ဆရာမများ၊ ကြံ့ခိုင်ရေးအဖွဲ့ဝင်များ၊ ကင်းထောက်များနှင့် မူဂျာဟစ်ပါတီ ဥက္ကဋ္ဌ မစ္စတာရော်ဘီဟူလာနှင့်တကွ လက်နက်ချ အလင်းဝင်ရဲဘော် ၂၉၀-ကျော် အပါအဝင် စုစုပေါင်း ၃၀၀၀-ကျော်ခန့် တက်ရောက်ကြသည်။

ထိုနေ့နံနက် ၆-နာရီမှစ၍ မောင်းတောမြို့ပေါ်ရှိ မြို့မိမြို့ဖများ၊ မော်လဝီဆရာကြီးများ၊ ကျောင်းသူကျောင်းသားများ၊ အလင်းဝင်ရဲဘော်များ တဖွဲဖွဲ မိုးထဲလေထဲမှာ ရောက်ရှိလာကြ၏။ ထို့နောက် မူဂျာဟစ်ပါတီ လက်နက်ချ အခမ်းအနား ဟူသော စာတမ်းရေးထိုးထားသည့် မဏ္ဍပ် အတွင်းဝယ် မော်လဝီဆရာကြီးများ၊ မြို့ပေါ်ရှိ ဂုဏ်သရေရှိ ရိုဟင်ဂျာ မြို့မိမြို့ဖများ၊ အစိုးရအရာရှိကြီးများ အသီးသီး နေရာယူကြသည်။ ထိုပုဂ္ဂိုလ်ကြီးများရှေ့ရှိ သီးသန့် နေရာတွင် ရန်ကုန်မှရောက်ရှိလာကြသော ပုဂ္ဂိုလ်ကြီးများက နေရာယူကြသည်။ မဏ္ဍပ်ရှေ့တွင် နိုင်ငံတော်အလံ၊ စစ်ရုံးချုပ်အလံ၊ တပ်ပေါင်းစုအလံ၊ ကြံ့ခိုင်ရေးအလံ၊ တပ်ရင်းအလံ၊ ရေတပ်အလံ၊ သေနတ်ကိုင်တပ်ရင်းအလံ စသည့် အလံများကို စိုက်ထူလျက် ရှိကြသည်။ ၎င်းအလံတိုင်များ၏ ရှေ့မှောက်တွင် မိန့်ခွန်းပြောရန် စင်မြင့်တခု သီးသန့်ဆောက်လုပ်ပြီး ၎င်းစင်မြင့်၏ ရှေ့တည့်တည့်တွင် ကိုယ်ရံတော် ဂုဏ်ပြုတပ်ဖွဲ့၊ ၎င်းတပ်ဖွဲ့နောက်မှ မူဂျာဟစ်ပါတီ ဥက္ကဋ္ဌ ရော်ဘီဟူလာနှင့် အဖွဲ့ဝင်များ စီတန်းလျက် နေရာယူကြသည်။ စင်မြင့်၏ ဝဲယာ စားပွဲတချက်တချက်မှာမူ လက်နက်ချအပ်ထားသည့် ဘရင်း၊ စတင်း၊ တော်မီ၊ အမေရိကန်ရိုင်ဖယ်၊ ဂျပန်ရိုင်ဖယ်၊ အင်္ဂလိပ် ရိုင်ဖယ်စသည့် လက်နက်အမျိုးစုံနှင့် တကွ ခဲယမ်းမီးကျောက်များကို စီတန်းပြသထားသည်။ စင်မြင့်၏ယာဘက်တွင် အလင်းဝင်ရဲဘော်များအတွက် ထောက်ပံ့ကြေးများ၊ ကိုရန်ကျမ်းများ၊ ပန်းကန် ခွက်ယောက်များ၊ အထည်အလိပ်များ အသင့်ခင်းကျင်းထား



ခေတ်မှီသည့်မေယုခရိုင်နယ်မြေ၏ လုံခြုံမှုကိုယ်အချို့မှာ ကင်းထောက်အမျိုးသမီးတပ်စုဖြင့် ဤသို့ သိုက်သိုက်ဝန်းဝန်း ကြိုဆိုကြပေသည်။

သည်ကို တွေ့ရပါသည်။ နံနက် ၈-နာရီ ထိုးသည့်အချိန်မှာ ရန်ကုန်မှ ရောက်ရှိလာသော ဗိုလ်မှူးချုပ်အောင်ကြီးနှင့် အဖွဲ့ဝင်များသည် စစ်ရေးပြကွင်းသို့ သီးသန့်မော်တော်ကားများဖြင့် လက်နက်ကိုင်တပ်ဖွဲ့များ ခြံရံကာ ရောက်ရှိလာကြသည်။ ဗိုလ်မှူးချုပ် ရောက်ရှိလာသည်နှင့်တပြိုင်နက် အခမ်းအနားသို့ရောက်ရှိလာကြသော လူထုပရိသတ်က မတ်တတ်ရပ် အလေးပြုကြသည်။ တချိန်တည်းမှာပင် ကိုယ်ရံတော် ဂုဏ်ပြုတပ်ဖွဲ့ကလည်း အလေးပြုကြသည်။ ထို့နောက် ဗိုလ်မှူးချုပ်အောင်ကြီးက ကိုယ်ရံတော် တပ်ဖွဲ့နှင့် အလင်းဝင်ရဲဘော်များကို စစ်ဆေး ကြည့်ရှုသည်။ ဂုဏ်ပြုတပ်ဖွဲ့နှင့် အလင်းဝင်များကို စစ်ဆေးပြီးသည့်နောက် ဘူးသီးတောင်တောင်ပိုင်း မူဂျာဟစ်ပါတီဥက္ကဋ္ဌ မစ္စတာရော်ဘီဟူလာသည် ရိုင်ဖယ် သေနတ်တွင် မူဂျာဟစ်အလံတပ်ဆင်ပြီး အရာရှိနှစ်ဦးခြံရံကာ ဗိုလ်မှူးချုပ်အား ၎င်းလက်နက်ကို ပေးအပ်လိုက်သည်။ ဗိုလ်မှူးချုပ်က ၎င်းလက်နက်ကိုယူပြီး အရာရှိတဦးအား လက်ကမ်းလိုက်သည်။ ... ထိုအရာရှိကမြေ သို့သေနတ်ကို ... ပြန်လှန်ပြီး စိုက်ထူလိုက်သည်။ မူဂျာဟစ်ပါတီဝင်များသည် ဗိုလ်မှူးချုပ်အား လက်နက်များ ချအပ်ရုံမျှမကဘဲ နောက်နောင်တွင် မည်သည့်အခါမျှ နိုင်ငံတော်၏ ကျေးဇူး သစ္စာတော်ကို မဖောက်ဖျက် မကျူးလွန် တော့မည့် အကြောင်း၊ အလာဟူအရှင်မြတ်၏ ရှေ့တော်မှောက်တွင် မိမိတို့ကတိပြုပါကြောင်း စသည့် အဓိဋ္ဌာန်ကတိပြုချက်ကို ရိုဟင်ဂျာဘာသာဖြင့် အောက်ပါအတိုင်း သိဆိုကြသည်။

### အလင်းဝင်များ ကတိသစ္စာ

ကျွန်ုပ်တို့သည် လက်နက်ချ အလင်းဝင်လာပြီးသည့်နောက် ပြည်ထောင်စု သမတ မြန်မာနိုင်ငံတော် အစိုးရ အပေါ်တွင် ယုံကြည် အားထားပါကြောင်း၊ ထို့ကြောင့် နောက်နောင်တွင် သောင်းကျန်းမှု များ၌ လုံးဝပါဝင် ... ခြင်း မပြုတော့ဘဲ ပြည်ထောင်စု၏သစ္စာတော်ကို စောင့်ထိန်းရန် အလာဟူ အရှင်မြတ် ရှေ့မှောက်တွင် ကတိသစ္စာပြုပါကြောင်း။

ဤသို့ဖြင့် မေယုနယ်ခြားခရိုင်တွင် စည်ပင်အေးချမ်းလျက် ရှိလေတော့သည်။

★ ★

# မေယုနယ်မြေမှာ—

# ဘယ်လိုအခြေရှိပါလိမ့်

မေယုနယ်ခြားခရိုင်သည် ပြည်ထောင်စုသမတ မြန်မာနိုင်ငံတော် အတွင်း ဝယ် တည်ရှိသည့် လူနည်းစုတစု၊ လူမျိုးစုတစု နေထိုင်သော ခရိုင် ဒေသတခုပင် ဖြစ်ပေသည်။သို့သော် ယင်းခရိုင်ဒေသအကြောင်းကို သိကောင်းမှ သိကြမည် ဖြစ်သော်လည်း ရခိုင်ပြည် ဘူးသီးတောင် မောင်းတော ဆိုလျှင် ကား မသိသူ အင်မတန်မှ ပါးမည် ဖြစ်ပေသည်။ ဘူးသီးတောင်၊ မောင်းတောမြို့များသည်သည်း မေယုခရိုင်တွင်း၌ အစိုးရမင်းများရုံးစိုက်ရာမြို့များ ဖြစ်ပေသည်။မေယုခရိုင်အကြောင်း သိကောင်းစရာများနှင့်ပတ်သက်၍လွန်ခဲ့သည့် ဝင်လ (၄) ရက်နေ့က ဘူးသီးတောင် တင်ပိုင်း မရှာဟစ်ပါတီဥက္ကဋ္ဌ မစ္စတာ ဘဒီဟူလာနှင့်အဖွဲ့ဝင်(၂၉၀)ကျော်တို့ ကင်းတော်ခြိမ့် အလင်းဝင် လက်နက်ချ အခမ်းအနားသို့ ရောက်ခဲ့စဉ်က အချိန်အနည်းငယ်အတွင်း သုတေသနပြုချက်များကို စာရှုသူသူတော်သီများအား ဗဟုသုတအဖြစ် တဆင့်တင်ပြလိုက်ရပါသည်။

## တည်နေရာ

မေယုနယ်ခြား ခရိုင်သည် အနောက်ဘက်တွင်သော် အနောက်ပါကစ္စတန်အားဖြင့်၎င်း၊အရှေ့ဘက်လားသော် မေယုမြစ်၊ စိုင်တင်ချောင်း အားဖြင့်၎င်း၊ တောင်ဘက်လားသော် ရခိုင်ကမ်းရိုးတန်း၊ဘင်္ဂလားပင်လယ်အော်တို့ဖြင့်၎င်း၊ မြောက်ဖက် လားသော် အရှေ့ပါကစ္စတန်အားဖြင့်၎င်း ပိုင်းခြား သတ်မှတ်ထားရုံမျှမက တောအထပ်ထပ် တောင်အလျှိုလျှို မြစ်ချောင်း အင်းအိုင်များဖြင့် ရောပြွမ်းဝန်းရံလျက် ရှိသော ခရိုင်ဒေသတခုပင် ဖြစ်[illegible]ပါကစ္စတန်နှင့် ပြည်ထောင်စုသမတ မြန်မာနိုင်ငံတော်အား နတ်မြစ်အားဖြင့် နယ်နိမိတ်သတ်မှတ်ထားလျက်ရှိ၏။

## မြေမျက်နှာပြင်

မြေမျက်နှာပြင် အနေအထားအားဖြင့် ခပ်ပါက ကချင်ပြည်နယ်ဒေသများကဲ့သို့ပင် တောတောင်လျှိုမြောင်များ ဝန်းရံလျက်ရှိသည့် ကုန်းမြင့်ဆင်ခြေလျောဒေသများဖြစ်ရုံမျှမက မြောက်ဖက်မှမြင့်၍ တောင်ဘက်သို့ ဆင်ခြေလျော တဖြည်းဖြည်း နိမ့်ဆင်းလျက်ရှိပေသည်။ထို့ပြင် စိုင်းတောင်၊မေယုတောင်တန်းစသည်အားဖြင့်လည်း တောင်တန်းနှစ်ခုနှင့်တကွ မေယုမြစ်၊ နတ်မြစ်တို့သည် မြောက်ဖက်မှ တောင်ဘက်သို့ စီးဆင်းလျက်ရှိ၏။

## လူဦးရေနှင့်အလုပ်အကိုင်

မေယုခရိုင် နယ်ခြားဒေသတွင် နေထိုင်၍ အသက်မွေးဝမ်းကျောင်း ပြုလုပ်နေထိုင်ကြသည့်လူဦးရေမှာ စုစုပေါင်း (၄)သိန်းကျော်(၅)သိန်း နီးပါးမျှ ရှိပေသည်။ ထိုပုဂ္ဂိုလ်များသည် များသောအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် တံငါလုပ်ငန်းများဖြင့်သာ အသက်မွေးဝမ်းကျောင်း ပြုလုပ်နေထိုင် ရှာဖွေစားသောက်လျက်ရှိသည်ကို တွေ့ရပေသည်။

## လူနေအိမ်ခြေ

မေယုခရိုင်အတွင်းတွင် နေထိုင်လုပ်ကိုင်စားသောက်ကြသော လူဦးရေ (၄)သိန်းကျော်(၅)သိန်းနည်းပါးခန့်ရှိသည်နှင့်အမျှ လူနေအိမ်ခြေပေါင်းမှာ တသိန်းကျော်ခန့်ရှိသည်ဟု သိရှိရပေသည်။ထိုမျှသော လူနေအိမ်ခြေများမှာ အစိုးရရုံးစိုက်သည့် အဆောက်အဦကြီးများမှအပ ကျန်ရှိသော အိမ်ခြေများမှာ အိမ်ကြီးအိမ်ကောင်း ၄၁ ပါးပြီး ပြည်မ,ရှိ သာမန် တောရွာ ငယ်ကလေးများတွင် တည်ဆောက်လေ့ရှိသော နီမိုး၊သက်ကယ်မိုး၊ဝါးတိုင်၊မမတိုင်များဖြင့် ဝါးထရံကာ၊ဝါးထရံခင်းလျက် ပေအစိတ်မျှလောက်သာ ကျယ်ဝန်းသည့် နီမိုး၊သက်ကယ်၊ ဝါးအိမ်ငယ်ကလေးများကိုသာ တွေ့ရှိရပေသည်။

## လူမျိုးများ

မေယုနယ်ခြားခရိုင် မောင်းတော၊ ဘူးသီးတောင်၊ရသေ့တောင် အနောက်မြောက်မြို့နယ်များတွင်မှ အများစုအားဖြင့် ရှိပေ

စာမျက်နှာ(၂၈)သို့ ဆက်ကြည့်ပါ



ဒု-ကာကွယ်ရေး ဦးစိုးချုပ်[ကြည်း]အား လိုက်လံအားရွှာ မေယုခရိုင် လူထုခေါင်းဆောင်များက ကြိုဆိုကြ၏။

ရန်ကုန်မြို့ ၃၂-လမ်း၊ အမှတ် ၁၈၄၊ မြဝတီပုံနှိပ်တိုက်[illegible]နှိပ်၍ ကာကွယ်ရေးဝန်ကြီးဌာနပညာရေးနှင့် စိတ်ဓာတ်ရေးညွှန်ကြားရေးမှူးရုံးမှ ထုတ်ဝေသည်။

စာမျက်နှာ (၇၂)

မေယုနယ်မြေမှာလေ ...မှအဆက်

ဂျာ အမျိုးသားများသာနေထိုင်ကြပြီး လူနည်းစုအားဖြင့် ရခိုင်၊ ဒိုင်းနက်၊ မြို၊ခမွှစသော လူနည်းစုများပါ စုပေါင်းနေထိုင်ကြသည့် ခရိုင်ဒေသတခုပင်ဖြစ်ပေသည်။

### ရိုဟင်ဂျာ

များသော အားဖြင့် လူဦးရေ ၇၅% ရာခိုင်နှုန်းခန့်သည် ရိုဟင်ဂျာများဖြစ်ကြ၏။ ၎င်းရိုဟင်ဂျာများသည် စင်စစ် အား ဖြင့်သော် ပါကစ္စတန်လူမျိုး အဆက် အနွယ်များပင် ဖြစ်ကြသည်။၎င်းတို့သည် ပထန်လူမျိုးများနှင့် ဘင်္ဂလားပြည်မှ ဝင်ရောက်လာသော အာရပ် အဆက်အနွယ်ဖြစ်သည့် (ရိုးဝန်းညှာ) လူမျိုးများနှင့် ပေါင်းသင်းနေထိုင်ခဲ့ကြရာမှ (ရိုဝန်ဂျာ) ယခု အခေါ်အဝေါ်အားဖြင့် (ရိုဘင်ဂျာ) လူမျိုးများအဖြစ် ပေါ်ပေါက်လာသည်ဟု သိရပေသည်။ နှစ်ပေါင်း ကြာလာသည့်အခါတွင် ၎င်းအာရပ် အဆက်အနွယ်များသည် (ရိုဝန်ဂျာ)နှင့်ခွဲခြား၍မရလောက်အောင်ရောနှောသွားသည်ဟု သိရပေသည်။ ရိုဝန်ဂျာဟူသော အမည်မှာ ရခိုင်စကားရင်းဖြစ်ပြီး ၎င်း၏အဓိပ္ပာယ်မှာ ရွာဟောင်းကကျွားဟူ၍ အဓိပ္ပာယ်ရသည်ဟု သိရ၏။ရွာဟောင်းကကျွားဟူသောအဓိပ္ပာယ်မှာ သတ္တိရှိခြင်း ရဲရင့်ခြင်းကို ဆိုလိုရင်းပင်ဖြစ်သည်။

### ကိုးကွယ်သည့်ဘာသာ

မေယုနယ်မြေခရိုင်အတွင်းတွင် မှီတင်းနေထိုင်ကြသောလူမျိုးများမှာ ရိုဟင်ဂျာလူမျိုး၊ရခိုင်လူမျိုး၊ ဒိုင်းနက်လူမျိုး၊ မြိုလူမျိုး၊ ခမွှစသော လူမျိုးစုများဖြစ်ပြီးစုပေါင်းနေထိုင်လျက်ရှိကြ၏။၎င်းတို့အထဲတွင် ရိုဟင်ဂျာများသည် ၇၅-ရာခိုင်နှုန်းခန့်ရှိပြီး အစ္စလန်ဘာသာကို ကိုးကွယ်ဆည်းကပ်ကြ၏။ ရခိုင် လူမျိုးများကမူ ဗုဒ္ဓဘာသာကို ကိုးကွယ်ပြီး ကျန်အမျိုးသားများမှာ မူကား အများ အားဖြင့် နတ်များကို ကိုးကွယ်ဆည်းကပ်ကြပေသည်။ ရိုဟင်ဂျာများ နေထိုင်သောရွာများတွင်မူကား ရွာကြီးတရွာလျှင် အနည်းဆုံးအစ္စလန်ပလီဝတ်ကျောင်းတခုစီမျှ ရှိကြပေသည်။

### စာပေယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံ

ရိုဟင်ဂျာများသည် အများ အားဖြင့် ဘူးသီးတောင်၊မောင်းတောမြို့များတွင် နေ